ဂါရဝေါ စ ဓတံ မင်္ဂလ မုတ္တမံ၊ ရိုသေထိုက်သူကို ရိုသေခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၃၃)



(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆို

"ရရှိပြီးသော တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို ဆက်လက်၍ ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ရင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ထာဝစဉ်ထွန်းကားပြန့်ပွား အောင် ကြိုးပမ်းတည်ဆောက်ကြရပေမည်။ ဤသည်မှာ မလွဲမသွေ ထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်၊ အမျိုးသား ရေးတာဝန်ကြီး ဖြစ်ပေတော့သည်။"

မြင့်စိုး(နတလ)၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး **"သွေးချင်းများအတွက် အမျိုးသားရေးတာဝန်"**ကို စာမျက်နှာ (၈၊၉)၊ သီဟအောင်၏ **"ပြည်ထောင်စု၏ အပေါင်းလက္ခဏာ"**ကဗျာကို စာမျက်နှာ(၁၃)နှင့် **"မကွေးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း"**တို့ကို စာမျက်နှာ(၇)တွင် ဝေဝေဆာဆာ ဖော်ပြထားပါသည်။

(မြန်မာ့အလင်း)

ကရင်ပြည်နယ်ကြီးတစ်ခုလုံးမကြာမီအေးချမ်းသာယာလာမည် ဒေသနေပြည်သူများ၏စီးပွားရေးမြှင့်တင်ပေးနိုင်ရေးကူညီပံ့ပိုးပေး

ရန်ကုန်　ဖေဖော်ဝါရီ　၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့၌ ကျင်းပသည့် ကောင်းမှုတော်စေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပူဇော် ကြည်ညိုကြပြီးနောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် လိုက်ပါလျက် ဘားအံမြို့မှ လှိုင်းဘွဲ့မြို့သို့ မွန်းလွဲ ၁ နာရီတွင် ရောက်ရှိကြရာ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ▼

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုနိုင်ငံသူနိုင်ငံသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့်ကာကွယ်ထိန်းသိမ်းကြရမည့်တာဝန်ရှိကြပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရေးအတွက် မကြုံစဖူး ထူးကဲစွာ ရရှိပြီးဖြစ်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို နိုင်ငံသူ နိုင်ငံသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ကာကွယ်ထိန်းသိမ်းကြရမည့် တာဝန်ရှိကြပါသည်။

ထို့အတူ နိုင်ငံတော်ကြီး ကမ္ဘာနှင့်ရင်ပေါင်တန်း ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ရေးဆွဲချမှတ် အကောင်အထည်ဖော်လျက်ရှိသော စီးပွားရေး စီမံကိန်းများ အောင်မြင်စေရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ကျစ်လျစ်ခိုင်မာသောစုစည်းမှုဖြင့် ဖြစ်ထွန်းလျက်ရှိသော အမျိုးသားရေး အင်အားစုကြီးအနေဖြင့် အရှိန်အဟုန်ပြင်းစွာ ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၅)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ-

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် ဘားအံတက္ကသိုလ်ဖွင့်ပွဲတက်ရောက်ချီးမြှင့် သွေးခွဲသပ်လျှိုမှုများဖယ်ရှား၊ သွေးချင်းသားရင်းများအကြားအပြန်အလှန်နားလည်မှုခိုင်ခိုင်မြဲမြဲတည်ဆောက်ရန်မှာကြား

ရန်ကုန်　ဖေဖော်ဝါရီ　၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာကြရာ နံနက် ၈ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဘားအံတက္ကသိုလ်ပင်မဆောင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးဆောင်ရွက် နိုင်ငံတော်ကို စက်မှုနိုင်ငံအဖြစ် ကြိုးပမ်းတည်ဆောက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကိုအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက် စေရန် နေ့မအားညမနား အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ခေတ်မီနိုင်ငံတော်ကိုတည်ဆောက်ရာတွင် စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသည့် လိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြန့်ကြဲနေသည့် ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများကိုစုစည်း၍ စက်မှုဇုန် ၁၉ ဇုန်နှင့် စက်မှုဇုန်ခွဲများကို ထူထောင်ပေးခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ ၃ ရက်နေ့က စစ်ကိုင်းတိုင်း ကလေးမြို့ရှိ ကလေးစက်မှုဇုန်ကိုလည်းကောင်း၊ ဖေဖော်ဝါရီလ ၄ရက်နေ့က မုံရွာမြို့ရှိ မုံရွာစက်မှုဇုန်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မုံရွာမြို့စက်မှုဇုန်ခန်းမ၌ မုံရွာစက်မှုဇုန်ကြီးကြပ်ရေးကော်မတီဝင်များ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ၌–

“မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးမှု ကုန်ကျစရိတ်ကျဆင်းရေး၊ စိုက်ပျိုးရေးလုပ်ငန်း မြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် ထွန်ယက်ခြင်း၊ ရိတ်သိမ်း၊ ခြွေလှေ့ခြင်း လုပ်ငန်းများကို လူ့လုပ်အားအစား စက်ဖြင့်အစားထိုးဆောင်ရွက်နိုင်အောင် လယ်ယာသုံးစက်ပစ္စည်းကိရိယာများကိုစက်မှုဇုန်များက အရည်အသွေးမီမီ၊ လုံလုံလောက်လောက် တီထွင်ထုတ်လုပ်သွားရန်လိုကြောင်း၊ စိုက်ပျိုးရာ၌မူ လူ့လုပ်အားအနည်းဆုံးအသုံးပြုရသော အတန်းလိုက် အစေ့ချစိုက်နည်း၊ ကြဲ၍စိုက်နည်းတို့ကို အစားထိုး၍ ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးစိုက်ပျိုးလုပ်ကိုင်နိုင်ရမှာ ဖြစ်ကြောင်း”

မှာကြားသွားသည်။

ကလေးစက်မှုဇုန်မှ မြေပြင်ရေစီးအားသုံးတာဘိုင်၊ နော်ဇယ်ရေပန်းအားသုံးတာဘိုင်စသည့် အသေးစားရေအားလျှပ်စစ်ထုတ်စက်များ၊ စပါးလုံးရွေးစက်၊ စပါးအခွံချွတ်စက်၊ ၁၂ သွားထွန်၊ စပါးခြွေလှေ့စက်၊ ကောက်ရိုးငုတ်ဖြတ်စက်၊ မြက်ဖြတ်စက်စသည့် လယ်ယာလုပ်ငန်းသုံးစက်ကိရိယာများ၊ ဖိုတိုလစ်သိုအော့ဖ်ဆက်ပုံနှိပ်စက်၊ မှန်လုံယာဉ်ငယ်များကို စမ်းသပ်ထုတ်လုပ်လျက်ရှိသည်။

မုံရွာစက်မှုဇုန်မှ အဆင့်မြင့် စပါးခြွေလှေ့စက်၊ ယာထွန်စက်၊ စပါးကြိတ်ခွဲစက်၊ သီးနှံမျိုးစုံခြွေလှေ့စက်များ၊ ချင်းတွင်းစတားမော်တော်ယာဉ်အမျိုးမျိုး၊ ၁၀ တန်ကုန်တင်ယာဉ်၊ ရေယာဉ်ပန်ကာများ၊ ဖြုန်းစုပ်စက်များ၊ ရေပန့်များ၊ မြက်ရိတ်စက်များ၊ သစ်အချောထည်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ချည်ထည်များ၊ စားသောက်ကုန်များ၊ တိုင်းရင်းဆေးများကို ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

စက်မှုဇုန်များ အရှိန်အဟုန်ဖြင့် တိုးတက်လာစေရန် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ လုပ်သားများအား လုပ်ငန်းကျွမ်းကျင်မှု တိုးတက်စေရေးအတွက် စက်မှုဇုန်များတွင် ဘာသာရပ်အလိုက် သင်တန်းများဖွင့်လှစ်ပေးခဲ့ပြီး အခြားစက်မှုဇုန်များနှင့် စက်ရုံအလုပ်ရုံများသို့ လေ့လာရေးသွားရောက်စေခဲ့သည်။

စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်မှာလည်း လိုအပ်ချက်တစ်ရပ်ဖြစ်ရာ စက်မှုလက်မှုလုပ်ငန်း ကျွမ်းကျင်တတ်မြောက်သူများ ပေါ်များလာအောင် အားထုတ်ကြိုးပမ်းသွားရမည်ဖြစ်သည်။

စက်မှုဇုန်များသည် နိုင်ငံတော်၏ ပံ့ပိုးမှုကြောင့်လည်းကောင်း၊ လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကြောင့်လည်းကောင်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် ပဓာနကျသည့် စက်မှုလက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန်လည်းကောင်း၊ ၅၃ သန်းကျော်သော တိုင်းရင်းသားပြည်သူတို့၏ စားနပ်ရိက္ခာပြည့်ဝဖူလုံစေရေးအတွက်လည်းကောင်း လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး အားသွန်ခွန်စိုက်ဆောင်ရွက်ရင်း နိုင်ငံတော်ကို စက်မှုနိုင်ငံအဖြစ် ကြိုးပမ်းတည်ဆောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖေဖော်ဝါရီ ၅ ရက်က ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်) ယုဇနဥယျာဉ်မြို့တော် မြန်မာကန္တီကျောင်းတိုက် ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တသုမနသာဂရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အား အမှူးထား၍ ပထမအကြိမ် ထမနဲပွဲ၊ ဒုတိယအကြိမ်ဆီမီး ၁၀၀၀ ပူဇော်ပွဲနှင့် သာသနဝိပုလကာရီ နှစ်ထပ်သိမ် ကျောင်းတော်တည်ဆောက်ရာတွင် ကုသိုလ်ရှင်များအား ဥပဋ္ဌာကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

(က-ပ)

အိမ်တွင်းစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့်ဆွေးနွေးပွဲ ၂၀၀၄ ပါဝင်ခင်းကျင်းပြသလိုသူများဆက်သွယ်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၉

သမဝါယမဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ‘သွင်းကုန်အစားထိုး၊ အိမ်တွင်းစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဆွေးနွေးပွဲ ၂၀၀၄’ကို ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်းမကြီးပေါ်ရှိ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)ဝင်းအတွင်း၌ ဖေဖော်ဝါရီ ၂၀ရက်မှ ၂၂ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ၆ နာရီထိ စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်လျက်ရှိသည်။

အဆိုပါ ပြပွဲတွင် စက်မှုကုန်ထုတ်သမဝါယမအသင်းများ၊အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်လုပ်ငန်းများ၊ စက်မှုဇုန်များနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများမှ ပါဝင်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ခင်းကျင်းပြသ

ပြပွဲတွင် သွင်းကုန်အစားထိုးစက်ပစ္စည်းများ၊ ကုန်ပစ္စည်းများ၊ နိုင်ငံတော်စီမံကိန်းကြီးများသို့ ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေသည့် စက်ပစ္စည်းများ၊ စက်အရန် ပစ္စည်းများ၊ တီထွင်ထုတ်လုပ်ထားသောထုတ်ကုန်ပစ္စည်းအမည်သစ်(အမယ်သစ်)များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြု စက်ပစ္စည်းများ၊ လယ်ယာသုံးစက် ကိရိယာများ၊ စက်မှုဇုန်များမှ ထုတ်လုပ်သော မော်တော်ယာဉ်များ ခင်းကျင်းပြသမည် ဖြစ်သည်။ အဆိုပါ စက်ပစ္စည်းများကို ပြသခြင်း၊ ရောင်းချခြင်းနှင့် ထုတ်လုပ်ရောင်းချရေးအတွက် အမှာစာဖြင့် ရောင်းချခြင်းများ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အကြံဉာဏ်ရယူ

ထို့အပြင်ပွဲတော်ကာလအတွင်း စက်မှုလက်မှုလုပ်ငန်း ဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲများကိုလည်း စီစဉ်ထားရှိမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆိုအခမဲ့တက်ရောက်လေ့လာဆွေးနွေးနိုင်ကြောင်းနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ၊ အကြံဉာဏ်များရယူနိုင်ကြောင်း သိရသည်။

ဆက်သွယ်နိုင်

ပွဲတော်တွင် ပါဝင်ခင်းကျင်းပြသရောင်းချလိုသူများ ‘သွင်းကုန်အစားထိုး အိမ်တွင်းစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဆွေးနွေးပွဲ ၂၀၀၄’ ကျင်းပရေးဦးစီး ကော်မတီ ဖုန်း–၀၁ ၆၆၁၀၇၆၊ ၆၆၃၈၅၈၊ ၆၆၂၉၅၆ တို့သို့ တိုက်ရိုက် ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

လက်မှတ်ရပိုးသတ်ဆေး သုံးစွဲသူများသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်းက ကြီးမှူး၍လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်းအမှတ် စဉ် ၁/၂၀၀၄ ကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိဖွင့်လှစ်မည်ဖြစ်၍ သီးနှံကာကွယ်ရေးဌာနစိတ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဒုတိယအထွေထွေ မန်နေဂျာရုံး၊ ရန်ကုန်တိုင်း ခဝဲခြံ(၁)လမ်းနှင့် ခဝဲခြံ (၂) လမ်းကြား၊ ရန်ကုန်နည်းပညာ တက္ကသိုလ်ရှေ့ အင်းစိန်လမ်းမသို့ ဖေဖော်ဝါရီ ၂၀ ရက် နောက်ဆုံးထား၍ စာရင်းနှင့်သင်တန်းကြေး လာရောက်ပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

အထက(၂) သာယာဝတီ(အေဘီအမ်)ကျောင်း အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

သာယာဝတီမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (အေဘီအမ်)၏ ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း အစည်းအဝေးခန်းမတွင်ကျင်းပမည်ဖြစ်သည်။ အဆိုပါကျောင်းတွင် ပညာသင်ကြားပို့ချပေးခဲ့သော အသက်(၆၀)နှင့်အထက် ဆရာ ဆရာမကြီးများမှ ဆက်သွယ်သတင်းပေးပို့ပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ အနေဖြင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ရန်ကုန်မြို့တွင် ဆရာကြီး ဦးစောလယ်ဝါး ၅၂(အေ) တောင်သူကုန်းလမ်း အင်းစိန် ဖုန်း–၆၄၀၀၈၄၊ ရဲအုပ်ဒေါ်ဌေးဌေးဦး ဖုန်း–၇၁၀၆၆၃၊ ဒေါ်စုစုခိုင် ကထိက မြန်မာစာဌာန ရန်ကုန်တက္ကသိုလ် ဖုန်း–၀၉–၅၀–၁၀၈၃၂၊ ဦးသန့်စင်တိုး ဖုန်း–၀၉–၅၀–၁၃၆၁၆၊ ဦးသက်မော်ဦး ဖုန်း–၂၉၂၈၂၈ နှင့် သာယာဝတီမြို့တွင် ဦးတုတု ဈေးလမ်း၊ ဆရာမဒေါ်အယ်ဗလင်းသန်း တိုက်ကျောင်းလမ်း၊ ဆရာမ ဒေါ်သက်သက် အထ/ပြ၊ အထက(၂) သာယာဝတီ၊ ဦးလေးလွင်(ကိုမောင်ပု) ပြည်လမ်း ကန်ကြီးပိုင်း(၂)နှင့် ဒေါ်ခင်ခင်လှ ကျောင်းအုပ်ဆရာမကြီး(အထက–၂၊ သာယာဝတီ) တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မင်္ဂလာဗျူဟာ သာမဏေကျော် စာအောင်ဆုနှင်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၉

(၁၆)ကြိမ်မြောက် မင်္ဂလာဗျူဟာသာမဏေကျော် ဘွဲ့နှင်းသဘင်အခမ်းအနားကို(၁၃၆၅ခုတပို့တွဲလပြည့်ကျော် ၇ ရက်) ဖေဖော်ဝါရီ၁၂ရက် မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံဘုရား အရှေ့မုခ်အနီး၊ အာဇာနည်လမ်း၊ ရှင်သာမဏေဓမ္မဗိမာန်တွင် ကျင်းပမည် ဖြစ်သည်။

ဘွဲ့ခံသာမဏေကျော် ၁၂ ပါးနှင့် ဒုတိယဆင့်၊ ပထမဆင့်အောင်သာမဏေ၊ သီလရှင် ၂၄၇ပါးတို့အား အောင်လက်မှတ်နှင့် လှူဖွယ်များကပ်လှူကြမည်ဖြစ်ရာ စာအောင်သာမဏေများနှင့် သီလရှင်များ၊ သက်ဆိုင်ရာ စာချဆရာတော်များ၊ မိဘဆွေမျိုးများနှင့် အလှူရှင် ဓမ္မမိတ်ဆွေများ ကြွရောက်ကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

စာကြည့်တိုက်နှင့်သုတပညာဌာန တတိယအကြိမ်မိတ်ဆုံပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတပညာဌာန တတိယအကြိမ် ကျောင်းသားဟောင်း မျိုးဆက်သစ် မိတ်ဆုံညစာစားပွဲကို ဖေဖော်ဝါရီ ၁၄ ရက်တွင် စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူ ကျောင်းသားဟောင်း မျိုးဆက်သစ်များသည် စာကြည့်တိုက်နှင့် သုတပညာဌာန ဖုန်း–၅၃၄၇၇၂ နှင့် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက် ဖုန်း–၅၃၇၂၅၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဘားအံမြို့ ကောင်းမှုတော်စေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ပူဇော်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၉

ကရင်ပြည်နယ် ဘားအံမြို့ ကျက်သရေဆောင် သေဠမာရ်အောင် ဘုရားဝင်းအတွင်းရှိ ကောင်းမှုတော် စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲကို ယနေ့နံနက် ၁၁ နာရီခွဲတွင် အဆိုပါစေတီတော်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ပူဇော်ကြည်ညိုသည်။

တက်ရောက်ကြည်ညို

ရွှေထီးတော်တင်လှူ ပူဇော်ပွဲသို့ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓေ မဟာရဋ္ဌဂုရု မဲဘောင်ဆရာတော် ဘဒ္ဒန္တကုဏ္ဍိယနှင့် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနတို့အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ မြို့နယ်သံဃ နာယက အဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့က စေတီတော်အားရည်မှန်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေပန်းခိုင်တို့ကို မြိုင်ကြီးငူဆရာတော်ဘဒ္ဒန္တသုဇနအား ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကောင်းမှုတော် စေတီတော် ရွှေထီးတော်တင်မင်္ဂလာ အစီအစဉ်ကို ဆက်လက်ကျင်းပသည်။

လှည့်လည်အပူဇော်ခံ

ရှေးဦးစွာ သာသနာ့အလံကိုင်အဖွဲ့ ဦးဆောင်ပြီး ဒေဝါဝင်းခင်းကာ မြိုင်ကြီးငူ ဆရာတော်ဘဒ္ဒန္တ သုဇန၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေပန်းခိုင်တို့ကို မင်္ဂလာမဏ္ဍပ်မှ ပင့်ဆောင်ကြပြီး စေတီတော်အား လက်ယာရစ်လှည့်လည်၍ အပူဇော်ခံသည်။

အစီအစဉ်အရ မြိုင်ကြီးငူ ဆရာတော်ဘဒ္ဒန္တသုဇန၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေပန်းခိုင်တို့ကို စေတီတော် ငြမ်းအထက်သို့ ပင့်ဆောင်ကြသည်။

မင်္ဂလာအချိန်တွင် မြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တသုဇန၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေပန်းခိုင်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်ကြသည်။ ယင်းနောက် အမွှေးနံ့သာရည်များဖြင့် ရွှေထီးတော်အား ပက်ဖျန်းရောင်တော်ဖွင့် ပူဇော်ကြပြီး ရွှေထီးတော်တင် မင်္ဂလာအစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ရွှေထီးတော်တင်လှူပူဇော်ပွဲ ရေစက်ချမင်္ဂလာအခမ်းအနားအစီအစဉ်ကိုမင်္ဂလာမဏ္ဍပ်၌ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ မြိုင်ကြီးငူဆရာတော်ဘဒ္ဒန္တသုဇနထံမှ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့်ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော်သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနက အနုမောဒနာတရားဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့်အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ရေစက်ချ မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

(သတင်းစဉ်)

မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ကရင်ပြည်နယ် ဘားအံမြို့ ကောင်းမှုတော် စေတီတော်အထွတ်၌ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေပန်းခိုင်တို့ကို တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကရင်ပြည်နယ် ဘားအံမြို့ရှိ ကောင်းမှုတော် စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲတွင် စိန်ဖူးတော်ကို မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနအား ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာဟယ်လင်းနစ်သမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်ရန် သဘောတူညီ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာနီကိုလတ်စ်၊ ဓာဖီရိုပူးလော့စ်၏နေရာတွင် မစ္စတာမီလ်တီးအီးယားဒိစ်၊ ဟစ်ကာကစ်အား ခန့်အပ်ရန်အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာမီလ်တီးအီးယားဒိစ်၊ ဟစ်ကာကစ်သည် ၁၉၅၆ခုနှစ်တွင် အေသင်မြို့၌မွေးဖွားခဲ့ပြီး အေသင်တက္ကသိုလ်မှ ဥပဒေဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၈ခုနှစ်တွင် ဂရိနိုင်ငံခြားရေးဝန်ကြီးဌာနသို့ဝင်ရောက်ခဲ့ပြီး ဂရိနိုင်ငံခြားရေးဝန်ကြီးဌာန ပလောဗ်ဗီမြို့၊ နေပယ်လ်စ်မြို့နှင့် နယူးဒေလီမြို့များရှိ ဂရိသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာမီလ်တီးအီးယားဒိစ်၊ ဟစ်ကာကစ်သည် ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်ကာ မြန်မာနိုင်ငံဆိုင်ရာ ဟယ်လင်းနစ်သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သမီးနှစ်ယောက်ရှိသည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

အားကစားဝန်ကြီးဌာနကကြီးမှူး၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က တာဝန်ယူကျင်းပမည့် ၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ရက်မှ ၁၉ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းများမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ရန်နှင့် တင်းနစ်ဝါသနာရှင်များ လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၈ ရက်က လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့်ဇနီး ဒေါ်တင်တင်ညွန့်တို့က (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ်များအား နေအိမ်၌ ညစာဖြင့် ဧည့်ခံကျွေးမွေးစဉ်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၈ ရက်က (၅၇) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသား ကိုယ်စားလှယ်များအား ပြန်ကြားရေးဝန်ကြီး ဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းအေးတို့က ညစာဖြင့်တည်ခင်းဧည့်ခံစဉ်။(သတင်းစဉ်)

▼ **ရှေ့ဖုံးမှ**

ဆက်လက်၍ အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လှိုင်းဘွဲမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာသန်းထွန်းနှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဓာတ်မှန်ခန်း၊ သွားနှင့်ခံတွင်း ပြင်ပလူနာခန်းနှင့် လူနာဆောင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လှိုင်းဘွဲ ဆေးရုံကို ခုတင်(၅၀)ဆံ့အဆင့်တိုးမြှင့်ပေးပြီး ဆေးရုံအဆောက်အအုံသစ် တည်ဆောက်နိုင်မည့် အခြေအနေကို ဆေးရုံပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုပြီး ဆက်လက်ဆောင်ရွက်ဖွယ်ရာများကို မှာကြားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လှိုင်းဘွဲမြို့ လှိုင်းဘွဲမြို့မကျောင်းတိုက်သို့သွားရောက်၍ အလုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တခမ္မပါလိတနှင့် လှိုင်းဘွဲ မြို့မကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓတို့ အမှူးပြုသော ဆရာတော် သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လှိုင်းဘွဲမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးဗိုလ်သန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Printed Media (Reading Corner), Electronic Media (Language Lab), Computer Aided Instruction, Computer Application & e-mail၊ အိမ်တွင်းမှု၊ စိုက်ပျိုးရေးနှင့်ပန်းချီအနုပညာခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆောက်လုပ်ဆဲ ကျောင်းဆောင်သစ် တည်ဆောက်မှုလုပ်ငန်းအတွက် ပံ့ပိုးဆောင်ရွက်ပေးသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လှိုင်းဘွဲမြို့ အောင်ဆန်းခန်းမ၌ လှိုင်းဘွဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ လှိုင်းဘွဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာက မြို့နယ်၏ တည်နေရာနှင့်အကျယ်အဝန်း၊မြို့နယ်၏ လူဦးရေ၊ မြေအသုံးချမှုနှင့်ပတ်သက်၍ အသားတင် စိုက်ပျိုးမြေဧက၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံစိုက်ပျိုးမှု၊ ငရုတ်ကောင်း၊ ကြံ၊ ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ မွေးမြူရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်း၊ လမ်း/တံတားလုပ်ငန်းများနှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်း/တံတားလုပ်ငန်း၊ကျေးလက်ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့မိမိနှင့်အတူ ဒေသတာဝန်ခံ၊ တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပါဝင်သည့် အဖွဲ့သည် ကရင်ပြည်နယ် ဘားအံမြို့၏ မြောက်ဘက်ခြမ်းရှိ လှိုင်းဘွဲမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေမည့် ဖြည့်ဆည်းဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းစီမံပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

အဆင့်တိုးမြှင့်ပေးခဲ့

နံနက်ပိုင်းက မြို့နယ်ဆေးရုံနှင့် ကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီးဖြစ်ကြောင်း၊ မြို့နယ်ဆေးရုံကို ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ပြီး ဆေးရုံအဆောက်အအုံသစ်တည်ဆောက်ရေးအတွက်ကိုလည်း လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့ပြင် အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆောက်လက်စ နှစ်ထပ်ကျောင်းဆောင်သစ်ကြီး အပြီးသပ်တည်ဆောက်နိုင်ရေးအတွက် ရန်ပုံငွေလည်း ခွင့်ပြုပေးခဲ့ကြောင်း။

ယခုလည်း မြို့နယ်တာဝန်ရှိသူများ၏ တင်ပြချက်များအရ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများ တိုးတက်ကောင်းမွန်စေရန်နှင့် မြို့နယ်၏စီးပွားရေးကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကိုအထောက်အကူပြုစေမည့် ဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင်အဓိကကျသည့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် လိုအပ်ချက်များကို စီစဉ်ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ရာသီမရွေးသွားလာနိုင်

လှိုင်းဘွဲ–ပိုင်ကျုံ ကားလမ်းကို ရာသီမရွေးသွားလာနိုင်သည့်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်နှင့်လိုအပ်သည့် တံတားများ တည်ဆောက်ပေးရန် စီစဉ်ပေးခဲ့ပြီးဖြစ်သဖြင့် ကော့ကရိတ်–လှိုင်းဘွဲ–ဘားအံလမ်းမကြီးမှာ မကြာမီသောကာလတွင် အဆင့်မြင့်ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း။

လှိုင်းဘွဲမြို့သည် ကရင်ပြည်နယ်၏အစွန်ပိုင်းတွင် တည်ရှိသည့်မြို့နယ်တစ်ခုဖြစ်ရာ ယခင်ကာလက နယ်မြေတည်ငြိမ်အေးချမ်းမှု အခြေအနေအရ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်မပေးနိုင်ခဲ့သော်လည်း ယခု နယ်မြေတည်ငြိမ်အေးချမ်းမှုရှိလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးမှုအတွက် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက် ပေးလာခြင်းဖြစ်ကြောင်း။

ကြိုတင်စီမံဆောင်ရွက်

ကရင်ပြည်နယ်ကြီး တစ်ခုလုံး အေးချမ်းသာယာမှု ပြည့်ပြည့်ဝဝ ရရှိလာရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မကြာမီသောကာလတွင် အေးချမ်းသာယာမှု အပြည့်အဝ ဖြစ်ထွန်းလာလိမ့်မည်ဟု ယုံကြည်ထားကြောင်း၊ ယင်းသို့ တိုးတက်ဖြစ်ပေါ်လာမည့် အခြေအနေကိုမျှော်မှန်းပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ဖွယ်ရာများကို နိုင်ငံ့ဝန်ထမ်းများအားလုံးက ယခုကပင် ကြိုတင်စီမံ ဆောင်ရွက်ထားကြဖို့လိုကြောင်း။

မြို့နယ်တာဝန်ခံများ၊ ဌာနဆိုင်ရာများအနေဖြင့် ဒေသနေပြည်သူများ၏ စီးပွားရေးကိုမြှင့်တင်ပေးနိုင်မည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသော စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန် ကူညီပံ့ပိုးပေးသွားဖို့လိုကြောင်း။

စိုက်ပျိုးရေးလိုအပ်သည့် နေရာများ၌ ရေရရှိရေးနည်းလမ်းများရှာကြံပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ပံ့ပိုးပေးခြင်း၊ နည်းပညာပေးခြင်းစသည့် စိုက်ပျိုးရေးတိုးတက်ဖြစ်ထွန်းစေမည့် ကူညီပံ့ပိုးမှုများ အစဉ်တစိုက်လေ့လာဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးကြဖို့လိုကြောင်း။

မှန်ကန်စွာတင်ပြ

မိမိတို့ဆောင်ရွက်ပေးနိုင်သည်များကို နည်းလမ်းများ ရှာကြံဆောင်ရွက်ပေးရန်နှင့် မဆောင်ရွက်နိုင်သည်များကိုအထက်အဖွဲ့အစည်းများသို့ မှန်ကန်စွာတင်ပြသွားရမှာဖြစ်ကြောင်း။

အလားတူပင် အခြားသောမြို့နယ်နှင့် ကျေးလက်စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက် ဖြစ်ထွန်းရေးအတွက် ကူညီပံ့ပိုးမှုများ ဖော်ထုတ်ဖြည့်ဆည်းပေးကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများ၊ ကျေးလက်ဒေသများပါမကျန် ပြည်ထောင်စုကြီးတစ်ခုလုံး အကြားအလပ်မရှိ မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းအဆင့်ဆင့်ကိုအလေးထားချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

ပီပီပြင်ပြင်အကောင်အထည်ဖော်

နိုင်ငံတော်၏အခြေခံဒေသများဖြစ်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှသာ မြို့နယ်များမှတစ်ဆင့် ခရိုင်နှင့်ပြည်နယ်၊ တိုင်းဒေသများပါ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သည့်အတွက် အခြေခံ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ငါးရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူအားလုံးက မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်ကြဖို့လိုကြောင်း။

စေတနာရှေ့ထားဆောင်ရွက်

နိုင်ငံတော်အစိုးရက နယ်စပ်အစွန်အဖျားဒေသများ၊ အခြေခံကျေးလက်ဒေသများပါမကျန် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်း ဒေသများအားလုံး အကြားအလပ်မရှိဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာစေရန် စနစ်တကျ စီမံချမှတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်နှင့်အညီ မြို့နယ်အဆင့် တာဝန်ရှိနိုင်ငံ့ဝန်ထမ်းများ အနေဖြင့် မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် လုံ့လဝီရိယအားစိုက်ထုတ်ပြီး စေတနာ ရှေ့ထား ကြိုးစားဆောင်ရွက်သွားကြရန်မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လှိုင်းဘွဲမြို့ အခြေခံပညာ အထက်တန်းကျောင်း အတွက် သင်ကြားမှု သင်ယူမှု စာသင်ခန်းများတွင် အသုံးပြုရန် ရုပ်မြင်သံကြားစက်၊ ဗီစီဒီစက်နှင့်ကွန်ပျူတာ ခြောက်စုံတို့ကို မြို့နယ်ပညာရေးမှူးအား ပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘားအံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဆက်လက်၍မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘားအံမြို့နယ်ရှိ အစိုးရကွန်ပျူတာကောလိပ် (ဘားအံ)သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာပိုက်တင်က အစိုးရကွန်ပျူတာ ကောလိပ်(ဘားအံ)၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းများနှင့် ကျောင်းသားအင်အား၊ ဝန်ထမ်းဦးရေ၊ ခေတ်မီ သင်ထောက်ကူပစ္စည်းများ တပ်ဆင်သင်ကြားနေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက စာသင်ခန်းများ၊ စုဝေးခန်းမ၊ အုပ်ချုပ်ရေးရုံး၊ ကျောင်းအုပ်ရုံး၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်းများ ပါဝင်မည့် သုံးထပ်ပင်မဆောင် တည်ဆောက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြုပြင်ဆောက်လုပ်ရန်များကို ညွှန်ပြမှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘားအံလေဆိပ်သို့ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကရင်ပြည်နယ် လှိုင်းဘွဲမြို့ အောင်ဆန်းခန်းမ၌ လှိုင်းဘွဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဘားအံမြို့ရှိ အစိုးရကွန်ပျူတာကောလိပ်(ဘားအံ) ပုံစံငယ်ကိုတွေ့ရစဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တောင်ကြီးမြို့ မြို့တော်ခန်းမတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင်များအား မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် လူမှုရေးအဖွဲ့အစည်းဖြစ် နိုင်ငံတော်နှင့် အမျိုးသမီးထုအတွက်အကျိုးဖြစ်ထွန်းစေမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေခေါင်းဆောင်သည့် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာရှင်းလင်းရန်အတွက် ဖေဖော်ဝါရီ ၆ရက်တွင် ရန်ကုန်မြို့မှထွက်ခွာကြရာ ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ရောက်ရှိကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့် အစည်းအဝေးကို ထိုနေ့ညနေ ၄နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ဝင်းဝင်းနုနှင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအထောက်အကူပြုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာ နာယကအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တောင်ကြီး၊ လွိုင်လင်ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များစုစုပေါင်းအင်အား ၄၂၀ ခန့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ပြည်နယ်နှင့် တိုင်းအသီးသီးတို့သို့ ကွင်းဆင်း၍ လုပ်ငန်းရှင်းလင်းပွဲများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့သို့ လာရောက်ရခြင်းမှာ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း ဖွဲ့စည်းထားပြီးဖြစ်သော အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားရန် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် ကော်မတီတစ်ရပ်အနေဖြင့် ကြီးမားကျယ်ပြန့်လှသည့် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏အရေးအရာ ကိစ္စများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထိရောက်ကျယ်ပြန့်စွာ လွှမ်းခြုံနိုင်ရေးအတွက် အကန့်အသတ်များ ရှိနေကြောင်း၊ ယခုဖွဲ့စည်းလိုက်သည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက်ရော အမျိုးသမီးထုအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် အဖွဲ့အစည်းတစ်ရပ်ဟု ဆိုနိုင်ကြောင်း၊ ယခုဖွဲ့စည်းခဲ့သော အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသော ရည်ရွယ်ချက် ခုနစ်ရပ်ချမှတ်၍ ဆောင်ရွက်နေကြောင်း၊ မြန်မာအမျိုးသမီးထုများအနေဖြင့် မိမိ၏ဆန္ဒသဘောဖြင့်သာ အဖွဲ့ဝင်အဖြစ် ပါဝင် လျှောက်ထားရန်ဖြစ်ကြောင်း၊ တိုက်တွန်းခြင်း၊ ဆွဲဆောင်ခြင်းမျိုး မပြုလုပ်ရန်လိုကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို သိရှိနားလည်ပြီး အမျိုးသမီးထုတစ်ရပ်လုံးအနေဖြင့် ဇာတိမာန်ထက်သန်သည့် ယဉ်ကျေးသိမ်မွေ့သော ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် မြန်မာအမျိုးသမီးများ ဖြစ်လာစေရေး"အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့"ဟူသော အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ဆောင်ပုဒ်နှင့်အညီ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေက အမျိုးသမီးရေးရာအဖွဲ့၏ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်လျှောက်ထားပုံများကိုလည်းကောင်း၊ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေး၊ စီမံရေးရာနှင့် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်မိုးမိုးခိုင်က ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း၊ အမျိုးသမီးငယ်ရွယ် လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်က အမျိုးသမီးငယ်ရွယ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေး၊ ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ရင်ရင်လေးက ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို လည်းကောင်း အသီးသီးရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အလှူရှင် နီလာရိုးမကုမ္ပဏီလီမိတက်က ငွေကျပ် ၂၅သိန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)မှ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ခမ်းထိမိသားစုနှင့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်း၊ ဇနီး ဒေါ်အေးအေးမြင့် မိသားစုတို့က ငွေကျပ် ၁၀သိန်း၊ ရွှေကျားပျံ မရွှေဝါမိသားစုက ငွေကျပ် ၁၀ သိန်း၊ နဝရတ်ရွှေဇာမဏိကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀ သိန်း၊ သုဓမ္မသိင်္ဂီ သီဟသုဓမ္မသိင်္ဂီ ဒေါ်အုပ်က ငွေကျပ် ငါးသိန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံယူသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

သဃ်ာန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၅)ရပ်ကွက် စတုတ္ထအကြိမ်မြောက် ရပ်ကွက်လုံးဆိုင်ရာ ဓမ္မပူဇာတရားပွဲကို သုဝဏ္ဏ(၂၅)ရပ်ကွက် စိန်ပန်းမြိုင်လမ်းရှိ မဟာသရဏဂုံဓမ္မဗိမာန်တွင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၄ ရက်(စနေနေ့)တွင် ဓမ္မဒူတအရှင် ဆေကိန္ဒ(သာသနဓဇ သဒ္ဓမ္မနေပုည သာသနဇောတိပါလ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ) AGTI (Civil)၊ ဖေဖော်ဝါရီ ၁၅ရက်(တနင်္ဂနွေနေ့)တွင် အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ(ဓမ္မကထိက ဗဟုဇနဟိတဓရ)အောင်စကြာတိုက်ကျောင်း သရက်တောကျောင်းတိုက်၊ ဖေဖော်ဝါရီ ၁၆ ရက်(တနင်္လာနေ့)တွင် ဘဒ္ဒန္တအာစိဏ္ဏ (သာသနဓဇဓမ္မာစရိယ) အောင်မော်စံကျောင်းတိုက် သာကေတမြို့တို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဟု သိရသည်။

(က-ပ)

အထက(၃)သာကေတ အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၉

သာကေတမြို့ အထက-၃ ကျောင်းသား ကျောင်းသူဟောင်းများ၏ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၈ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက (၃) သီရိရတနာခန်းမကြီး၌ ကျင်းပရာအပူဇော်ခံဆရာ ဆရာမကြီး ၄၃ ဦး၊ ဂုဏ်ပြုခံနှစ်ဦး၊ စုစုပေါင်း ၄၅ ဦးအား ပူဇော်ကန်တော့ငွေ ၄၅၀၀၀၀ ကျပ်နှင့်အမိကျောင်းတော်ကြီးအတွက် သင်ကြားသင်ယူမှု အထောက်အကူ ပစ္စည်းငွေကျပ် ၃၅၀၀၀ ကျပ်နှင့် ဘင်ခရာတပ်ဖွဲ့အတွက် ငွေ ကျပ် ၅၀၀၀၀ကို ပေးအပ်လှူဒါန်းကြပြီး အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်က အာစရိယပူဇော်ပွဲနှင့်ပတ်သက်သည့်လုပ်ငန်းစဉ်များတင်ပြကာ ပူဇော်ပွဲကြီးကို မွန်းလွဲ ၂နာရီတွင်ရုပ်သိမ်းလိုက်သည်။

(က-ပ)

ပြွန်တန်ဆာအသင်း(ရန်ကုန်) သက်ကြီးပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ရက် နံနက် ၉ နာရီတွင် မဟာဝိဇယ စေတီတော် အရှေ့မြောက်ထောင့်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဓမ္မာရုံကြီး၌ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ် ပြည့်ပြီးသော သက်ကြီးအသင်းဝင်နှင့် အသင်းဝင်တို့၏မိဘများ၊ ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော သားသမီးများသည် နာယကဦးဘသောင်း ဖုန်း-၂၂၁၇၈၀၊ ဥက္ကဋ္ဌဦးသောင်းလွင် ဖုန်း-၅၄၂၅၉ရနှင့် ဖုန်း-၆၆၃၀၈၅ ဖုန်း-၆၄၂၆၆ါ၊ ဖုန်း-၅၁၁၁၅၈၊ ဖုန်း-၅၁၀၄၀၂တို့ထံ ဖေဖော်ဝါရီ ၁၁ရက်နောက်ဆုံးထားပေးပို့ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များအားလှည့်လည်စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၉

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် အုန်းမြင့်၊ ဒုတိယဥက္ကဋ္ဌဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ တပ်မတော် အရာရှိကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်တို့သည် ယမန်နေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များသွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။ **(အောက်ပုံ)**

စစ်ဆေး

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သောနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော်မော် တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော် တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ် (Dry Day Pass)၊ ယာဉ် မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်းရှိ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။

(သတင်းစဉ်)



အမေရိကန်နှင့်အပေါင်းပါတို့၏ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

အီရတ်ပြောက်ကျားတို့၏ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်နှင့်အပေါင်းပါများသေဆုံးကြရမှု

၂၀၀၃ ခုနှစ် မတ်လ ၂၀ ရက်မှစ၍ အမေရိကန်နှင့်အပေါင်းပါတပ်များက အီရတ်နိုင်ငံကို ဆင်နွှဲခဲ့သော ကျူးကျော်စစ်ပွဲတွင် အီရတ်ပြောက်ကျားများက ရရာလက်နက်စွဲကိုင်ပြီး ခုခံတိုက်ခိုက်ခဲ့သကဲ့သို့ ခေတ်မီလက်နက်များ သုံး၍လည်း တိုက်ခိုက်ခဲ့ကြသည်။ ထို့ပြင် ကားဗုံးများဖောက်ခွဲပြီး အသေခံတိုက်ခိုက်ခဲ့ကြသည်။ အီရတ်ပြောက်ကျားတို့၏ တိုက်ခိုက်မှုကြောင့် အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ သေဆုံးရသည့် အရေအတွက်သည် ဖေဖော်ဝါရီ ၅ ရက်အထိ ၅၂၉ ဦးရှိသွားပြီ ဖြစ်သည်။

အသေခံဗုံးခွဲ တိုက်ခိုက်

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၅ ရက်က ခါဒီယာမြို့တွင် အမေရိကန် စစ်အခြေစိုက်စခန်းကို အီရတ် ပြောက်ကျားများက အသေခံ ဗုံးခွဲတိုက်ခိုက်ရာတွင် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး သေဆုံးကာ ခြောက်ဦး ဒဏ်ရာရရှိခဲ့ပြီးနောက် ဗုံးခွဲ တိုက်ခိုက်ခံရသည့်ကားကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြောက်ကျားတို့၏ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်နှင့်အပေါင်းပါများသေဆုံးကြရမှု

ရက်စွဲ	နေရာ	သေဆုံးသည့် တပ်ဖွဲ့ဝင်ဦးရေ
၂- ၉-၂၀၀၃	ဘဂ္ဂဒက်	၁
၉-၁၀-၂၀၀၃	ဘဂ္ဂဒက်	၈
၁၂-၁၀-၂၀၀၃	ဘဂ္ဂဒက်	၇
၂၀-၁၁-၂၀၀၃	ကယ်ကွတ်	၄
၂၂-၁၁-၂၀၀၃	ဘာကူဘာ	၉
၂၂-၁၁-၂၀၀၃	လာတစ်ဖီယာ	၁
၂၂-၁၁-၂၀၀၃	ခန်ဘာနီ	၉
၂၇-၁၁-၂၀၀၃	ဘဂ္ဂဒက်	၅
၂၇-၁၁-၂၀၀၃	ဘဂ္ဂဒက်	၈
၂၇-၁၁-၂၀၀၃	ဘဂ္ဂဒက်	၁၂
၂၇-၁၁-၂၀၀၃	ဘဂ္ဂဒက်	၁၅
၈-၁၂-၂၀၀၃	ဘဂ္ဂဒက်	၁
၁၂-၁၂-၂၀၀၃	ဘဂ္ဂဒက်	၁
၂၈-၁၂-၂၀၀၃	ကာဘာလာ	၆
၂၈-၁၂-၂၀၀၃	ဘဂ္ဂဒက်	၂
၂၄- ၁-၂၀၀၄	ဖော်လူဂျာ	၂
၂၅- ၁-၂၀၀၄	ခါဒီယာ	၃
၂၇- ၁-၂၀၀၄	ဘဂ္ဂဒက်	၆
၂- ၂-၂၀၀၄	မိုဆူးလ်	၃
	စုစုပေါင်း	၁၀၃

ကားဗုံးပေါက်ကွဲ

၂၀၀၃ ခုနှစ် စက်တင်ဘာ ၂ ရက်က ဘဂ္ဂဒက်မြို့၏ မြောက်ဘက် အာဘီးလ်မြို့ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာကို တွေ့ရစဉ်။

(ယင်းပေါက်ကွဲမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၈ရက်က ကာဘာလာမြို့ရှိ ဘူဂေးရီးယား စစ်အခြေစိုက်စခန်းကို ကားဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် ပျက်စီးနေသော အဆောက်အအုံကို တွေ့ရစဉ်။

(ယင်းတိုက်ခိုက်မှုတွင် ပူးပေါင်းတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူပေါင်း ၁၇၂ ဦးရှိသည်။) (ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၂ ရက်က ဘဂ္ဂဒက် အရှေ့မြောက်ဘက်ရှိ ဘာကူဘာမြို့တွင် ကားဗုံး ဖောက်ခွဲတိုက်ခိုက်ခံရသည့်နေရာကို တွေ့ရစဉ်။ (ယင်းတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦး သေဆုံးခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက် မကွေးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း

အခြေခံကျန်းမာရေးတက္ကသိုလ်

မကွေးမြို့တွင် တည်ဆောက်ဖွင့်လှစ်ထားသည့် အခြေခံကျန်းမာရေးတက္ကသိုလ်ကို တွေ့ရစဉ်။



မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ်ရှိ သာကြီးတောင် ရေနံမြေနှင့် သဘာဝဓာတ်ငွေ့မြေတွင် တူးဖော်ပြီးစီး သည့် ရေနံတွင်းအမှတ် (၁)ကို တွေ့ရစဉ်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
ဆည်ရေသောက်စိုက်ဧက	၁၈၀၀၀၀	၂၄၀၀၀၀
စပါးစိုက်ဧက	၃၀၀၀၀၀	၆၀၀၀၀၀
ဆည်တမံ	၆	၃၁
မြစ်ရေတင်	–	၃
လမ်းပန်းဆက်သွယ်ရေး		
ကတ္တရာလမ်းမိုင်	၅၅၃	၉၆၅
ကျောက်ချောလမ်းမိုင်	၁၁၉	၁၆၁
မြေသားလမ်းမိုင်	၂၀၇	၂၃၆
ပေ၁၀၀အထက်တံတား	၂၃	၄၂
ပေ၁၀၀အောက်တံတား	၃၂၆	၄၁၇
လေယာဉ်ကွင်း	၁	၄
စက်မှုဇုန်	–	၂
လျှပ်စစ်ဓာတ်အား		
ဒီဇယ်၊ သဘာဝဓာတ်ငွေ့	–	၃၈



မကွေးတိုင်း စေတုတ္တရာမြို့နယ်တွင် စိုက်ပျိုးမြေဧက ၁၀၈၀၀၀ကို ဆည်ရေပေးဝေနိုင်မည့်အပြင် နှစ်စဉ်ရေအားလျှပ်စစ် ၃၃၀ ကီလိုဝပ် နာရီ သန်းပေါင်း ထုတ်လုပ်ပေးနိုင်မည့် မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပင်မတမံကို တွေ့ရစဉ်။

မကွေးတိုင်း မကွေးမြို့နယ်တွင် ၂၀၀၂ ခုနှစ် နိုဝင်ဘာ ၂၄ ရက်က ဖွင့်လှစ်ပေးခဲ့သည့် အရှည်ပေ ၈၉၈၉ ပေရှိ ရွာဝတီတံတား (မကွေး)ကို တွေ့ရစဉ်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
ဆက်သွယ်ရေး		
စာတိုက်	၁၃၃	၁၄၈
ကြေးနန်းရုံ	၃၀	၃၄
တယ်လီဖုန်းအိတ်ချိန်း	၁၅	၆၈
အော်တိုတယ်လီဖုန်း	၂၂၂၅	၁၄၆၈၁
ဂြိုဟ်တုဆက်သွယ်ရေး	–	၁
မိုက္ကရိုဝေ့ဗ်	–	၂၇
ပြန်ကြားရေး		
မြန်မာ့အလင်း/ကြေးမုံ		
ကိုယ်ပွားသတင်းစာတိုက်(မကွေး)	–	၁
ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ	၁	၃
ပြန်/ဆက်ရုံး	–	၂၈
စာကြည့်တိုက်	၁	၃၃
ပညာရေး		
အထက်တန်းကျောင်း	၅၃	၇၀
အလယ်တန်းကျောင်း	၁၄၈	၁၈၄
မူလတန်းကျောင်း	၃၁၈၅	၃၆၁၁
တက္ကသိုလ်	–	၄
ကောလိပ်	၃	၇
သိပ္ပံ	၁	၃
ကျန်းမာရေး		
ဆေးရုံ	၂၄	၂၆
တိုက်နယ်ဆေးရုံ	၂၉	၃၇
ကျေးလက်ကျန်းမာရေးဌာန	၁၁၄	၁၁၉
ကျေးလက်ကျန်းမာရေးဌာနခွဲ	၅၈၈	၆၀၈
သင်ကြားရေးဆေးရုံ	–	၁

စည်းလုံး ချစ်ကြည် ရွှေပြည်သစ် ဆီသို့

သွေးချင်းများအတွက်အမျိုးသားရေးတာဝန်

မြင့်စိုး – နတလ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နှစ်ပေါင်း ထောင်ချီသော သမိုင်းစဉ်တစ်လျှောက် တစ်အူထုံ့ဆင်း တိုင်းရင်းသားညီအစ်ကိုများ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် စုစည်းညီညွတ်စွာ နေထိုင်ခဲ့ကြသည်။ သူ့ကျွန်ဘဝသို့ ကျရောက်သောကာလ၌ နယ်ချဲ့ဗြိတိသျှ အစိုးရသည် ကျွန်သက်ရှည်စေရန်ရည်ရွယ်၍ သွေးခွဲအုပ်ချုပ် သည့်စနစ်ကျင့်သုံးခဲ့သည်။ ယင်းအမွေဆိုးကြောင့် တိုင်းရင်းသား လူမျိုးအချင်းချင်း အထင်အမြင်လွဲမှားမှု၊ စိတ်ဝမ်းကွဲပြားမှု တို့ဖြစ်ပေါ်ခဲ့ကာ လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုအမျိုးမျိုး ပေါ်ပေါက်ခဲ့ရသည်။

ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးကို ဦးစားပေး တည်ဆောက်နေရခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်တို့ကြောင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အခွင့်အလမ်း နည်းပါးခဲ့သည်။

လက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးမူဝါဒများ ချမှတ်ကျင့်သုံးရာတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တည်းဟူသော နိုင်ငံရေးဦးတည်ချက်ကို ကြိုးပမ်းအကောင်အထည် ဖော်ခဲ့သည်။ နိုင်ငံတော်အစိုးရ၏စေတနာကို နားလည်သဘော ပေါက်မှု၊ချမှတ်ကျင့်သုံးသော အမျိုးသားရေး မူဝါဒများအပေါ် ယုံကြည် ကိုးစားမှုတို့ကြောင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ကာ တရားဥပဒေဘောင် အတွင်း ဝင်ရောက်ခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်ခဲ့ကြသည်။ ဤသို့ဖြင့် နှစ်ပေါင်း ၄၀ကျော် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရသော နယ်စပ်ဒေသများတွင် ၁၉၈၉ ခုနှစ်မှစ၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုအရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များနှင့်အညီ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံတို့ကို မြတ်နိုးစွာထိန်းသိမ်းနိုင်စေရန်၊

(ဂ) တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊

(ဃ) စီးပွားလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်၊

(င) နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရန်၊

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၂၅–၅–၈၉ ရက်နေ့တွင် အဖွဲ့ဝင်ငါးဦးဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၄–၂–၂၀၀၃ ရက်နေ့မှစ၍ အဖွဲ့ဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

၁၉၉၅ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်)က နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ လုပ်ငန်းကဏ္ဍအသီးသီးတွင် အရှိန်အဟုန်ဖြင့် ပိုမိုသွက်လက် မြန်ဆန် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါ မဟာဗျူဟာ ရည်မှန်းချက်(၆)ရပ်ကို ချမှတ်လမ်းညွှန်ခဲ့ပါသည်။

(က) အဓိကကျသည့် နေရာဒေသများ၌ ရာသီမရွေးသွားလာနိုင်သည့် လမ်းများဖြစ်လာအောင် ဖောက်လုပ်ပေးရန်၊

(ခ) ဝမ်းရေးအတွက် ဆန်စပါးဖူလုံအောင် စိုက်ပျိုးရန်နှင့် ကြံ၊ ပြောင်း၊ ပဲ စသည့်စီးပွားဖြစ်သီးနှံ တစ်မျိုးကောင်း၊ နှစ်မျိုးကောင်း ဖိဖိစီးစီး စိုက်ပျိုးရေးအတွက် ဆောင်ရွက်ပေးရန်၊ ထို့အပြင် ထွက်ရှိလာမည့်ပစ္စည်းများ ရောင်းချနိုင်ရန် ဈေးကွက်ပါ စီစဉ်ပေးရန်၊

(ဂ) ရေရှည်သီးနှံအဖြစ် ဖြစ်ထွန်းနိုင်မည့် နှစ်ရှည်ပင်များ ရွေးချယ်ပြီး တွင်တွင်ကျယ်ကျယ် စိုက်ပျိုးနိုင်အောင်ဆောင်ရွက်ပေးရန်၊

(ဃ) မူလတန်းကျောင်းများ အဆင့်တိုးမြှင့်ပေးပြီး မူလတန်းကျောင်းသစ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးရန်၊

(င) နယ်စပ်ဒေသများ၌ ဖြစ်ပွားတတ်သည့် ရောဂါများအတွက် ကြိုတင်ကာကွယ်ရေး အစီအမံများအပြင် ကုသရေးအစီအစဉ်နှင့် ကြိုတင်ကာကွယ်ရေး အစီအမံများကို တွဲဖက်ဆောင်ရွက်ပေးရန်၊

(စ) လူထုဆက်သွယ်ရေး နည်းလမ်းများကို တိုးချဲ့ဆောင်ရွက်လုပ်ကိုင်ပေးရန်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို ၃၁–၅–၈၉ရက်နေ့တွင် အဖွဲ့ဝင် ၁၇ဦးဖြင့် စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပြီး ၄–၂–၂၀၀၃ ရက်နေ့မှစ၍ အဖွဲ့ဝင် ၅၃ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီတို့မှ ချမှတ်ပေးသည့် မူဝါဒများနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ၃၁–၅–၈၉ရက်နေ့တွင် လုပ်ငန်းဆပ်ကော်မတီ ၁၃ခုဖွဲ့စည်း ဆောင်ရွက်ခဲ့ပြီး ၃–၁၀–၉၄ ရက်နေ့မှစ၍ လုပ်ငန်းဆပ်ကော်မတီ ၁၈ခုအထိ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ၁၃–၆–၈၉ ရက်နေ့မှစ၍ ဒေသဆိုင်ရာလုပ်ငန်းကော်မတီ(၁၁)ခု ဖွဲ့စည်းခဲ့ပြီး ခရိုင်/မြို့နယ်အဆင့်အထိ လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

၁၉၈၉ ခုနှစ်မှစ၍ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီရုံး ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ချမှတ်ထားသော စီမံကိန်းများနှင့်အညီ ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၄–၉–၉၂ ရက်နေ့၌ "နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး" ဝန်ကြီးဌာနကို ဖွဲ့စည်းပေးခဲ့သည်။ လုပ်ငန်းလိုအပ်ချက်များနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အလို့ငှာ ၃၀–၁–၉၄ ရက်နေ့၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအဖြစ် တိုးချဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို
၁၉၉၃–၉၄ ခု ဘဏ္ဍာရေးနှစ်မှ ၁၉၉၅
နှစ်တိုသုံးနှစ် စီမံကိန်း၊ ၁၉၉၆–၉၇
ဘဏ္ဍာရေးနှစ်အထိ ပထမနှစ်လတ်ငါ
ဘဏ္ဍာရေးနှစ်မှ ၂၀၀၅–၂၀၀၆ ဘဏ္ဍာ
ငါးနှစ်စီမံကိန်းဟူ၍ စီမံကိန်းကာလ ၁၃
ဖော်ဆောင်ရွက်လျက်ရှိသည်။ ဆက်
အကောင်အထည်ဖော် ဆောင်ရွက်သ

ကချင်အထူးဒေသ(၁)၊ ကချင်အ
"ဝ" ဒေသ၊ ရှမ်းဒေသ၊ ကချင်အရှေ့
ပအိုဝ်းဒေသ၊ ကယားဒေသ၊ မော်
မွန်ဒေသ၊ ကရင်ဒေသ၊ တနင်္သာရီ
စစ်ကိုင်းတိုင်း ကဘော်ချိုင့်ဝှမ်းဒေသ

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆေ
ခုနစ်ခု၊ တိုင်းနှစ်ခုအတွင်းရှိ ဒေသ
ခန့်မှန်း ၈၃၄၁၅ ဒသမ ၃၄ စတု
မြို့နယ်ပေါင်း ၆၈ မြို့နယ်အတွင်း လူ
နေထိုင်ကြသည်။ တိုင်းရင်းသားလူမျိုး
၄၆ ရာခိုင်နှုန်းကျော် နေထိုင်ကြသည

ဒေသတစ်ခုနှင့်တစ်ခု လွယ်ကူ
နိုင်ခြင်းဖြင့် တိုင်းရင်းသားလူမျိုးအချ
စေ၍ တိုင်းရင်းသား စည်းလုံးညီညွ
ထွန်းကား ပြန့်ပွားရေးတို့အတွက်
စီးပွားအခြေခံ အဆောက်အအုံများ တို
လမ်း/တံတားလုပ်ငန်းများကို အရှိန်အ
ဆောင်ရွက်ခဲ့ရာ ၃၀–၁၀–၂၀၀၃ရက
ကျောက်လမ်း ၁၆၄၀/၇မိုင်၊ ကတ္တ
ပြုပြင်ထိန်းသိမ်းခြင်း ၂၉၇၁/၅မိုင်၊ တ
၆၅၉စင်း၊ ကြိုးတံတား ၁၆စင်း တည်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းတုံ-နမ့်လိတ် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံ။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို

ဂုဏ်ပြုဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်ရှိ ပင်လုံ အစိုးရ ကွန်ပျူတာ ကောလိပ် အဆောက်အအုံကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

မွန်ပြည်နယ်တွင် ယခင်က ပေ ၁၇၀နှင့် အထက် တံတား သုံးစင်းသာ ရှိခဲ့ရာမှ ယခုအခါ ခုနစ်စင်းအထိ တိုးချဲ့ဆောက်လုပ် နိုင်ခဲ့ပြီဖြစ်သည်။ ယာပုံမှာ မွန်ပြည်နယ် ရေးမြို့နှင့် တနင်္သာရီတိုင်း ထားဝယ်မြို့သို့ တိုက်ရိုက်ရထားဖြင့် ဆက်သွယ်သွားလာနိုင်မည့် ရေးမြစ်ကူး တံတားကြီးကို ၂၆-၁၁-၂၀၀၃ ရက်နေ့က ဖွင့်လှစ်ခဲ့ပြီးနောက် ကျောင်းသား၊ ကျောင်းသူများ ဖြတ်သန်းလာကြစဉ်။

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပင်မစီမံကိန်းတစ်ရပ်ရေးဆွဲ၍ ၁၉၉၃-၉၄ ခု ဘဏ္ဍာရေးနှစ်မှ ၁၉၉၅-၉၆ ဘဏ္ဍာရေးနှစ်အထိ ပထမ နှစ်တိုသုံးနှစ် စီမံကိန်း၊ ၁၉၉၆-၉၇ ဘဏ္ဍာရေးနှစ်မှ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်အထိ ပထမနှစ်လတ်ငါးနှစ်စီမံကိန်းနှင့် ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အထိ ဒုတိယနှစ်လတ်ငါးနှစ်စီမံကိန်းဟူ၍ စီမံကိန်းကာလ ၁၃ နှစ် သတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဆက်လက်၍ နှစ်၃၀ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကချင်အထူးဒေသ(၁)၊ ကချင်အထူးဒေသ(၂)၊ ကိုးကန့်ဒေသ၊ “ဝ” ဒေသ၊ ရှမ်းဒေသ၊ ကချင်အရှေ့မြောက်ဒေသ၊ ပလောင်ဒေသ၊ ပအိုဝ်းဒေသ၊ ကယားဒေသ၊ မော်ဖဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ မွန်ဒေသ၊ ကရင်ဒေသ၊ တနင်္သာရီဒေသ၊ ရခိုင်ဒေသ၊ ချင်းဒေသ၊ စစ်ကိုင်းတိုင်း ကဘော်ချိုင့်ဝှမ်းဒေသနှင့် နာဂဒေသတို့ဖြစ်သည်။

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသော ပြည်နယ်ခုနစ်ခု၊ တိုင်းနှစ်ခုအတွင်းရှိ ဒေသ ၁၈ ခု၏ အကျယ်အဝန်းမှာ ခန့်မှန်း ၈၃၄၁၅ ဒသမ ၃၄ စတုရန်းမိုင်ရှိသည်။ အကျုံးဝင်သည့် မြို့နယ်ပေါင်း ၆၈ မြို့နယ်အတွင်း လူဦးရေ ၅ ဒသမ ၃ သန်း ကျော် နေထိုင်ကြသည်။ တိုင်းရင်းသားလူမျိုးစုအနေဖြင့် လူမျိုးစု အားလုံး၏ ၄၆ ရာခိုင်နှုန်းကျော် နေထိုင်ကြသည်။

ဒေသတစ်ခုနှင့်တစ်ခု လွယ်ကူချောမွေ့စွာ ကူးလူးဆက်သွယ်နိုင်ခြင်းဖြင့် တိုင်းရင်းသားလူမျိုးအချင်းချင်း ရင်းနှီးချစ်ကြည်မှုတိုးပွားစေ၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကား ပြန့်ပွားရေးတို့အတွက် အထောက်အကူပြုရုံမျှမက လူမှုစီးပွားအခြေခံ အဆောက်အအုံများ တိုးတက်ဖြစ်ထွန်း အောင်မြင်စေရန် လမ်း/တံတားလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၃၀-၁၀-၂၀၀၃ရက်နေ့အထိ မြေလမ်း၂၇၉၃/၃မိုင်၊ ကျောက်လမ်း ၁၆၄၀/၇မိုင်၊ ကတ္တရာလမ်း ၃၀၆/၂မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၂၉၇၁/၅မိုင်၊ တံတားကြီး ၄၂စင်း၊ တံတားငယ် ၆၅၉စင်း၊ ကြိုးတံတား ၁၆စင်း တည်ဆောက်ဖောက်လုပ်ပေးခဲ့သည်။

ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသော လူ့စွမ်းအားအရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံတော်အတွင်း ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် နည်းနိုင်သမျှနည်းစေရန်၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ပညာရည်မြင့်မားလာစေရန် အတွက် ကျောင်းများဖွင့်လှစ် သင်ကြားပေးခဲ့ရာ ၃၀-၁၀-၂၀၀၃ရက်နေ့အထိ မူလတန်းကျောင်း ၆၂၇ကျောင်း၊ အလယ်တန်းကျောင်း ၆၁ကျောင်း၊ အထက်တန်းကျောင်း ၆၂ကျောင်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နွေရာသီ“အ” သုံးလုံးရက်တိုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ၁၉၉၆ခုနှစ်မှ ၂၀၀၂ခုနှစ်အတွင်း ကျောင်းနေအရွယ်လွန် တိုင်းရင်းသား၊ တိုင်းရင်းသူ ၃၁၈၇၉ဦး စာတတ်မြောက်ခဲ့သည်။

နှစ်ပေါင်း ၄၀ကျော်ခန့် ကျန်းမာရေးစောင့်ရှောက်မှု ချို့တဲ့ခဲ့ရသော နယ်စပ်ဒေသအသီးသီးတွင် ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကုသရေးအစီအစဉ်များ ဟန်ချက်ညီညီ တွဲဖက်ဆောင်ရွက်ပေးနိုင်ရန်၊ ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ရာ ၃၀-၁၀-၂၀၀၃ရက်နေ့အထိ ဆေးရုံ ၅၂ ရုံ၊ ဆေးခန်း ၈၂ ခု၊ ကျေးလက် ကျန်းမာရေးဌာန ၂၈ခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ၄၁ခု ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ချမှတ်ထားသော မဟာဗျူဟာရည်မှန်းချက်များနှင့်အညီ ဒေသ ဝမ်းစာဖူလုံရေး၊ စီးပွားဖြစ်သီးနှံများ အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ရေး၊ ရေရှည်သီးနှံအဖြစ် ဖြစ်ထွန်းနိုင်မည့် နှစ်ရှည်ပင်များ စိုက်ပျိုးရေးတို့အတွက် ချောင်းပိတ်၊ မြောင်းပိတ် ဆည်မြောင်းများ တည်ဆောက်ပေးခြင်း၊ စိုက်ပျိုးမြေ ဖော်ထုတ်ပေးခြင်း၊ စိုက်ပျိုး ရေးနည်းပညာ ဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ၃၀-၁၀-၂၀၀၃ရက်နေ့အထိ စိုက်ပျိုးရေးရုံး ၃၁ခု၊ စိုက်ပျိုးရေးစခန်း ၁၁၅ခု၊ တည်ဆောက်ပြီးဆည် ၄၀ခု၊ တိုင်းတာပြီးဆည် ၁၇ခု၊ တူးမြောင်းလေးခု၊ ထွန်စက်စခန်း ၁၁ ခု တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေးအတွက် ဘိန်းအစားထိုး စိုက်ပျိုးရေးလုပ်ငန်းများနည်းတူ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာစေရန် ၃၀-၁၀-၂၀၀၃ ရက်နေ့အထိ မွေးမြူရေးခြံ ၁၉ ခြံ၊ ကုသရေးရုံး ၄၁ရုံး တည် ဆောက် ဖွင့်လှစ်ပေးခဲ့ပြီး နွားမျိုး ၇၃ ကောင်၊ မြည်းသိုးမျိုး ၃၈ ကောင် ဖြန့်ဖြူးပေးခဲ့သည်။

၃၀-၁၀-၂၀၀၃ရက်နေ့အထိသစ်တောကြိုးဝိုင်းလေးခု၊ သစ်တော ပျိုးဥယျာဉ်ခုနစ်ခု၊ သစ်စက် ၁၂ ခု သတ်မှတ်တည်ဆောက်ပေးခဲ့ သည်။

နယ်စပ်ဒေသများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် လူထုဆက်သွယ်ရေးနည်းလမ်းများကို တိုးချဲ့ဆောင်ရွက်ပေးခဲ့ရာ ၃၀-၁၀- ၂၀၀၃ ရက်နေ့အထိ စာတိုက် ၄၇ခု၊ တယ်လီဖုန်းလုပ်ငန်း ၈၀ခု၊ ကြေးနန်းရုံ ၃၅ ရုံ တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။

စိုက်ပျိုးရေးကို အခြေခံ၍လည်းကောင်း၊ ထွက်ရှိနိုင်သည့် သယံဇာတများကို အခြေခံ၍လည်းကောင်း စက်မှုလက်မှုလုပ်ငန်း များ ထူထောင်လုပ်ကိုင်နိုင်ရန် စွမ်းအင်လုပ်ငန်းသည် အဓိကကျ သည်။ ၃၀-၁၀-၂၀၀၃ ရက်နေ့အထိ ရေအားလျှပ်စစ်စက်ရုံ ရှစ်ရုံ တည်ဆောက်ပေးခဲ့ပြီး မီးစက် ၂၅၁လုံးဖြင့် မြို့/ရွာပေါင်း ၁၈၆ခုတွင် မီးလင်းစေခဲ့သည်။

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုလေ့လာပြီး ချမှတ်ကျင့်သုံးနေသည့် အမျိုးသားရေး မူဝါဒများအပေါ် သက်ဝင်ယုံကြည်မှု အပြည့်အဝရရှိစေရန်အတွက် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကို ၁၉၉၄ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၃၀-၁၀-၂၀၀၃ ရက်နေ့အထိ နယ်စပ်ဒေသအသီးသီး၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံပေါင်း ၉၇ ရုံ တည်ဆောက်ပေးခဲ့သည်။

သတ္တုကဏ္ဍဖြင့် နယ်စပ် ဒေသများတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးတို့အတွက် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေး၊ အိမ်ရာဆောက်လုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေး၊ စာရင်းစစ်ဆေးရေး၊ ပြည်ထဲရေး၊ လူမှုဝန်ထမ်းနှင့်သမဝါယမလုပ်ငန်း ဆပ်ကော်မတီများအနေဖြင့်လည်း မိမိတို့၏ ရည်မှန်းချက်များနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပေသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ၁၉၈၉-၁၉၉၀ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် ၃၁-၁၂-၂၀၀၃ ရက်နေ့အထိ သုံးစွဲပြီး ငွေကြေးပမာဏမှာ ငွေကျပ်သန်းပေါင်း ၅၀၂၄၅ ဒသမ ၇၅ သန်းဖြစ်သည်။

စင်စစ်သော်ကား ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင် ယုံကြည်သက်ဝင်မှုတို့ဖြင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးဦးတည်ချက်အား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်သည်။ တစ်ချိန်က တင်ရှိခဲ့ဖူးသော အာဃာတများ၊ သံသယစိတ်များကို မေတ္တာ၊ စေတနာ၊ကရုဏာ အရင်းခံထား၍ ချေဖျက်နိုင်ခဲ့သည်။ ရရှိပြီးသော တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်း များကို ဆက်လက်၍ ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ရင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် များ ထာဝစဉ် ထွန်းကားပြန့်ပွားအောင် ကြိုးပမ်းတည်ဆောက်ကြရပေမည်။ ဤသည်မှာ မလွဲမသွေ ထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်၊ အမျိုးသားရေးတာဝန်ပင် ဖြစ်ပေတော့သည်။ ။

နယ်စပ်ဒေသ လောက်ကိုင်မြို့၏ ဖွံ့ဖြိုးတိုးတက်လာသော မြင်ကွင်း။

● နိုင်ငံတော်မှ

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များအား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ ပြည်နယ်ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ်သို့ ရောက်ရှိကြသည်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို ဖွင့်လှစ်သည့် ကရင်ပြည်နယ်ဘားအံမြို့၌ ပညာရေးဝန်ကြီးဌာနက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပြီးစီးသွားသည့် ဘားအံတက္ကသိုလ် ပင်မဆောင်ဖွင့်ပွဲ အခမ်းအနားကို နံနက်ဇနာရီတွင် အဆိုပါ တက္ကသိုလ်၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ပါမောက္ခဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများ၊ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ၊ ကရင်၊ မွန်၊ ပအိုဝ်း၊ ရှမ်း၊ ယဉ်ကျေးမှု အဖွဲ့များ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့များ၊ ကရင်၊ မွန်၊ ပအိုဝ်း၊ ရှမ်း အစရှိသည့် ဒေသခံ တိုင်းရင်းသားပြည်သူများတက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ဘားအံတက္ကသိုလ် အဓိပတိလမ်းမကြီးဖွင့်ပွဲ အခမ်းအနားကို အဓိပတိလမ်းမကြီး ထိပ် မုခ်ဦး၌စတင်ကျင်းပသည်။

ပညာဆည်းပူးနိုင်

အခမ်းအနားတွင် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးက ဘားအံတက္ကသိုလ် အဓိပတိလမ်းမကြီးနှင့် ပတ်သက်၍ရှင်းလင်းတင်ပြရာ၌ ယခုဖွင့်လှစ်မည့် ဘားအံတက္ကသိုလ် အဓိပတိလမ်းမကြီးသည် ယခင်က ၁၆ပေအကျယ်သာရှိခဲ့ရာမှ လမ်းနယ် ၆၆ပေအကျယ်၊ ၁၆၈၁ ပေရှည်သည့် လမ်းမကြီးတစ်ခုဖောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုလမ်းမကြီးသည် ၂၂ပေအကျယ်ကတ္တရာလမ်းနှစ်လမ်း၊ ရှစ်ပေအကျယ် ပလက်ဖောင်း နှစ်ခု၊ ခြောက်ပေအကျယ် လမ်းလယ်ကျွန်း တစ်ခုနှင့် ယခင်ရှိပြီးကွန်ကရစ်တံတားကို အကျယ်၃၇ပေ၊အရှည်၁၃ပေထပ်မံတိုးချဲ့ခြင်းလုပ်ငန်းများပါဝင်ကြောင်း။

ယခုအခါတွင် ကရင်ပြည်နယ် အတွင်း၌ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရင်နှစ်သည်းချာများသည် ဘားအံတက္ကသိုလ် အဓိပတိလမ်းမကြီးပေါ်မှ စိတ်လက်ကြည်သာ ချမ်းမြေ့စွာ လျှောက်လှမ်းရင်း ဘားအံတက္ကသိုလ်ကြီးတွင် ပညာဆည်းပူးနိုင်ကြတော့မည်ဖြစ်ကြောင်းရှင်းလင်းတင်ပြသည်။

အဓိပတိလမ်းဖွင့်လှစ်

ယင်းနောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ ပညာရေးဝန်ကြီးဌာနဝန်ကြီးဦးသန်းအောင်နှင့်နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းထွန်းတို့က ဖဲကြိုးဖြတ်၍ဘားအံတက္ကသိုလ် အဓိပတိလမ်းမကြီးကိုဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဘားအံတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက ရွှေကြိုးဆွဲ၍ ဘားအံတက္ကသိုလ်မုခ်ဦးကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဘားအံတက္ကသိုလ် ပင်မဆောင်ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ဘားအံတက္ကသိုလ်မှ ဒုတိယနှစ် သင်္ချာအထူးပြုကျောင်းသား မောင်နေလင်းအောင်နှင့် ဒုတိယနှစ် ဓာတုဗေဒ အထူးပြုကျောင်းသူ နော်မီမီထွေးတို့က ဖဲကြိုးဖြတ်၍ ဘားအံတက္ကသိုလ် ပင်မဆောင်ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ပင်မဆောင်ရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြသည်။



ဘားအံတက္ကသိုလ် အဓိပတိလမ်းမကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

သစ်ပင်စိုက်ပျိုးပေး

ယင်းနောက် ဘားအံတက္ကသိုလ် ပင်မဆောင် အောင်မြင်စွာ တည်ဆောက် ဖွင့်လှစ်နိုင်ခြင်းအထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်မဆောင်ပရဝဏ်အတွင်း၌ ကံ့ကော်၊ တရုတ်တည်၊ ပိတောက်၊ ခရေ၊ မဟော်ဂနီ၊ သစ်ဆိမ့်၊ ငုရွှေဝါ နှင့် သပြေကြီးပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဘားအံတက္ကသိုလ် ပင်မဆောင် မော်ကွန်းကမ္ပည်းကျောက်ပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မော်ကွန်းကမ္ပည်းကျောက်ပြားကို နံ့သာရည်များဖြင့် ပက်ဖျန်းကြပြီး အစီအစဉ်ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဘားအံတက္ကသိုလ် ပင်မဆောင်ဖွင့်ပွဲ အစီအစဉ်ကို ပင်မဆောင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် အမျိုးသားရေး ဂုဏ်ဒြပ်တစ်ခုဖြစ်သည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းပြဆိုနေသည့် ပြည်ထောင်စုနေ့ မင်္ဂလာရက်မြတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွန်ခံ့ညားထည်ဝါသော ဤဘားအံတက္ကသိုလ်ကြီး၏ ပင်မအဆောက်အအုံသစ်ကြီးနှင့် စာသင်ဆောင်သစ်များကို ယနေ့ဖွင့်လှစ်နိုင်ခြင်းသည် ကရင်ပြည်နယ်အတွက်သာမက ပြည်ထောင်စုကြီးတစ်ရပ်လုံးအတွက်ပါ ဂုဏ်ယူဝင့်ကြွားရမည့် တိုးတက်ဖြစ်ထွန်းမှုတစ်ရပ်ပင်ဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

ခေတ်မီတက္ကသိုလ်

ဘားအံတက္ကသိုလ်ကြီးတွင် သစ်လွင် ခံ့ညားထည်ဝါသည့် ပင်မအဆောက်အအုံကြီးနှင့်တကွ အဆင့်အတန်းမြင့်မားသော စာသင်ဆောင်များ၊ နိုင်ငံတကာအဆင့်မီ သင်ကြားမှု သင်ယူမှု အထောက်အကူပြု ခေတ်မီ ပစ္စည်းကိရိယာများ ပေါ်ထွန်းလာခဲ့ပြီဖြစ်ခြင်းကြောင့် ဘားအံတက္ကသိုလ်ကြီးသည်လည်း နိုင်ငံတကာတက္ကသိုလ်ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့် ထိုက်တန်လျော်ညီစွာ ခေတ်မီတက္ကသိုလ်ကြီးအဖြစ် တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

နောင်မကြာသော ကာလတွင် ဘားအံ နည်းပညာကောလိပ်နှင့်အစိုးရ ကွန်ပျူတာကောလိပ် အဆောက်အအုံကြီးများလည်း အလွန်ခံ့ညားထည်ဝါစွာ ပေါ်ထွန်းလာတော့မည်ဖြစ်ခြင်းကြောင့် ကရင်ပြည်နယ်အတွင်းရှိ ကျောင်းသူ ကျောင်းသားများ အနာဂတ်ရေးသည် အလွန်စိတ်အေးချမ်းမြေ့ဖွယ်ရာဖြစ်သည်ဟု ပြောကြားလိုကြောင်း။

စဉ်ဆက်မပြတ်ပေါ်ထွန်း

ယခုဆိုလျှင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားသွေးချင်းသားရင်း ညီအစ်ကိုမောင်နှမများ၏ ရင်သွေးငယ်များဖြစ်သည့် တက္ကသိုလ်ကျောင်းသူ ကျောင်းသားများသည်လည်း အဆင့်အတန်းမြင့်မားသည့် အမိဘားအံတက္ကသိုလ်ကြီး၌ အဆင့်မြင့် ပညာရပ်များကို ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်း လေ့လာဆည်းပူးသင်ယူနိုင်ကြတော့မည် ဖြစ်သည့်အတွက် ကရင်ပြည်နယ်ကြီးနှင့်တကွ ပြည်ထောင်စုကြီးတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို အနာဂတ်ကာလတိုင် မြှင့်တင်စွမ်းဆောင်ပေးကြမည့် နိုင်ငံ့သားကောင်း သမီးမွန်ကိုး ဖော်ဆောင်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ တာဝန်ကိုရယူခဲ့ရချိန်ကစတင်ပြီးတိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုအခြေခံသည့်တည်ငြိမ်ခိုင်မာသော ငြိမ်းချမ်းသာယာမှု အကျိုးရလဒ်ကောင်းများ တစ်နိုင်ငံလုံး၌ ဖြန့်ကြက်ဖြစ်ထွန်းစေရေးအတွက် လက်နက်ကိုင်ပဋိပက္ခများ ကင်းစင်ပပျောက်စေရအောင်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းစေရအောင် ဖြောင့်မတ်သော နှလုံးသားဖြင့် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် တည်ငြိမ်အေးချမ်းမှုများ ဖြစ်ထွန်းခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ထက်တိုင်လည်း မလျှော့သောဖွဲလုံ့လဖြင့် ဆက်လက်ကြိုးပမ်းနေဆဲပင်ဖြစ်ကြောင်း။

နေ့မအားညမနားကြိုးပမ်း

နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာလာသည်နှင့်အမျှ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ဆီလျော်မျှတစွာဖွံ့ဖြိုးတိုးတက်စေရအောင်၊ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံး လူမှုဘဝမျှတစွာ တိုးတက်မြင့်မားလာ

အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာတော့မည်မှာ ဧကန်အမှန်ပင်ဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်နှင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်စေရန် မျှော်မှန်းပြီး မိမိတို့၏ တိုင်းရင်းသူ တိုင်းရင်းသား အမျိုးသားရေး စွမ်းအားစုများ၏ စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး ကိုယ့်နိုင်ငံကိုယ် တည်ဆောက်နေသည့် အချိန်အခါကာလဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု၊စည်းလုံးညီညွတ်မှု၊ သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ထွန်းကားမှု၊ အရည်အသွေးမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုဆိုသည့်စွမ်းအားများတိုးပွားဖြစ်ထွန်းစေရအောင် ကြိုးပမ်းဆောင်ရွက်ရင်း ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားကို ခိုင်မာသည်ထက် ခိုင်မာစေရအောင် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျကြိုးပမ်းတည်ဆောက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ဤအမျိုးသားရေးစွမ်းအားများ တောင့်တင်းခိုင်မာရှင်သန်ထက်မြက်မှသာလျှင် ရေရှည်တည်တံ့မည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားစီးပွားရေးတိုးတက်ခိုင်မာမှု၊ တိုင်းရင်းသားပြည်သူများ၏လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားမှု အကျိုးရလဒ်ကောင်းများကို ကိုယ့်အားကိုယ်

စေရအောင်ဆိုသည့် မျှော်မှန်းချက်ဖြင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး၂၄ခု၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ ကျေးလက်အစွန်အဖျားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ ပြည်ထောင်စုကြီး၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်မည့် အထူးစီမံကိန်းကြီးများ စသည့် ပြည်ထောင်စုကြီးတစ်ခုလုံးဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရေးအစီအမံများကို အဆင့်ဆင့်ချမှတ်ပြီး နေ့မအား ညမနား ကြိုးပမ်းအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ဤဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအရ တိုင်းရင်းသားပြည်သူများ၏ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားမှု၊ ကျန်းမာကြံ့ခိုင် သန်စွမ်းမှု၊ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်ပေးနိုင်မည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းမှုတို့ကို ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် လမ်းမကြီးများ၊ တံတားကြီးများ၊ ဆည်မြောင်း တာတမံကြီးများ၊ လျှပ်စစ်စွမ်းအား ထုတ်လုပ်ရေးလုပ်ငန်းကြီးများ၊ လေယာဉ်ကွင်းကြီးများ စသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို စနစ်တကျ အကွက်ချစီမံပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက် တည်ဆောက်ပေးခဲ့ပြီး၊ တည်ဆောက်ပေးနေဆဲလည်း ဖြစ်ကြောင်း။

အခြေခံခိုင်မာ

ဤဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအခြေခံအဆောက်အအုံများ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ဆီလျော်ညီညွတ်စွာ ဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းရင်းသားလူမျိုးများ အားလုံး ညီညွတ်မျှတစွာ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားလာမှုတို့နှင့် အတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် စသည့် စိတ်ဓာတ်ရေးရာ မြင့်မားခိုင်မာမှုများလည်း တိုးတက်ဖြစ်ထွန်းအခြေခိုင်ခဲ့လာခဲ့ပြီဖြစ်ကြောင်း။

ယခုအခါ ကရင်ပြည်နယ်ကြီး တစ်ခုလုံး တည်ငြိမ်အေးချမ်းလာစေရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေရဆဲ အခြေအနေ၌ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း လိုလားတောင့်တနေခြင်းကြောင့် အခြေအနေကောင်းများ ဖြစ်ထွန်းလာတော့မည်ဟု မျှော်မှန်း၍ ရနေပြီဖြစ်ကြောင်း။

လောလောဆယ်အားဖြင့် ကရင်ပြည်နယ်ကြီး တစ်ခုလုံး အပြည့်အဝ တည်ငြိမ်အေးချမ်းမှု မရရှိသေးသော်လည်း ၁၉၈၈ခုနှစ် နောက်ပိုင်းကာလများ၌ နယ်စပ်အစွန်အဖျားဒေသများမှအပ ကရင်ပြည်နယ်ဒေသအများစုသည် တည်ငြိမ်အေးချမ်းလာခဲ့ပြီဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို အလုံးအရင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုဆိုလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်နှင့် အလားအလာများသည် ယခင်ခေတ်ကာလများနှင့် နှိုင်းယှဉ်လျှင် ထူးခြားစွာ တိုးတက်ဖြစ်ထွန်းနေပြီဆိုသည်ကိုကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအားလုံး လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း။

အထောက်အကူပြု

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေး၌ အခြေခံအကျဆုံးဟုဆိုရမည့် လမ်းပန်းဆက်သွယ်မှုအပိုင်းတွင် ကရင်ပြည်နယ်အတွင်း သံလွင်တံတား(ဘားအံ)၊ ဂျိုင်းမြစ်ကူး(ဇာသပြင်) တံတားနှင့် ဂျိုင်းမြစ်ကူး(ကော့ကရိတ်)တံတားတို့ အပါအဝင် တံတားကြီးငါးစင်းအပြင် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် မွန်ပြည်နယ်အတွင်းက အတ္ထရံမြစ်ကူးတံတားတို့ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ သံလွင်မြစ်ကူးတံတားကြီးနှင့် ဂျိုင်းမြစ်ကူးတံတား နှစ်စင်းအတွက် မြန်မာကျပ်ငွေ သန်းပေါင်း ၂၇၈၁ဒသမ၆၇သန်းနှင့် အမေရိကန်ဒေါ်လာ ၁၀သန်းနီးပါး၊ အတ္ထရံမြစ်ကူးတံတားအတွက် မြန်မာကျပ်ငွေ သန်းပေါင်း ၅၈၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ၁၃ဒသမ၁၂၇သန်းတို့ကို နိုင်ငံတော် ဘဏ္ဍာငွေက ကျခံသုံးစွဲခဲ့ရသော်လည်း ယခုဆိုလျှင် ဘားအံ–မော်လမြိုင်ခရီးနှင့် မြဝတီ–ကော့ကရိတ်–ဘားအံ–မော်လမြိုင်ခရီးတို့ကို လွယ်ကူ လျင်မြန်စွာ မော်တော်ယာဉ်များဖြင့် တောက်လျှောက်သွားလာ၍ ရနေပြီဖြစ်ခြင်းကြောင့် တည်ဆောက်ပေးရကျိုးနပ်သည်ဟု ဆိုနိုင်ကြောင်း၊ အကျိုးဆက်အနေဖြင့် တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်တို့သည် ကရင်ပြည်နယ်ကိုဖြတ်သန်းပြီး တစ်နိုင်ငံလုံးလိုရာဒေသသို့ လွယ်ကူစွာသွားလာနိုင်နေပြီဖြစ်ကြောင်း၊ ထို့အတွက် ငွေကြေးနှင့်တိုင်းတာ၍မရနိုင်သည့် တန်ဖိုးမဖြတ်နိုင်သော အကျိုးရလဒ်ကောင်းများကို ဒေသခံတိုင်းရင်းသားပြည်သူများ ခံစားနေကြရပြီဖြစ်သည့်အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို များစွာအထောက်အကူဖြစ်စေခဲ့ကြောင်း။

တိုက်ရိုက်အကျိုးရှိ

ထို့ပြင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ကို ဆက်သွယ်ဆက်စပ်ပေးမည့် သံလွင်တံတား(မော်လမြိုင်)ကိုလည်း တည်ဆောက်နေဆဲဖြစ်ရာ ပြီးစီးသွားပါက မြန်မာနိုင်ငံ၌ အရှည်ဆုံးနှင့် အကြီးဆုံးတံတားကြီး ဖြစ်လာမည့်အပြင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်က တိုင်းရင်းသားများအတွက် ခရီးသွားလာမှု၊ စီးပွားကုန်သွယ်မှုများအတွက် တိုက်ရိုက်အကျိုးခံစားခွင့်များ ရရှိလာတော့မည် ဖြစ်ကြောင်း။

ကရင်ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး တိုးတက်ဖြစ်ထွန်းမှုများကို ကြည့်မည်ဆိုလျှင်လည်း ကျန်းမာရေးကဏ္ဍ၌ ၁၉၈၈ ခုနှစ်ကာလက ဆေးရုံ ၁၇ ရုံသာရှိခဲ့ရာက ယခုဆိုလျှင် ခုတင်(၂၀၀)ဆံ့ ဘားအံပြည်သူ့ဆေးရုံကြီး ၊ ခုတင်(၅၀)ဆံ့ မြဝတီဆေးရုံ၊(၂၅)ခုတင်ဆံ့မြို့ကလေးဆေးရုံတို့ အပါအဝင် ဆေးရုံပေါင်း ၂၅ ရုံရှိလာပြီဖြစ်ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် ပြောရမည်ဆိုလျှင် ကရင်ပြည်နယ်အတွင်း ၁၉၈၈ ခုနှစ်က အခြေခံပညာ မူလတန်းကျောင်း ၁၀၆၄ ကျောင်း၊ အလယ်တန်းကျောင်း ၆၅ကျောင်း၊ အထက်တန်းကျောင်း ၂၀ သာရှိခဲ့ရာမှ ယခုဆိုလျှင် အခြေခံပညာ ကျောင်းပေါင်း ၁၀၀ ကျော် တိုးပွားလာမှုကြောင့် မူလတန်းကျောင်း ၁၁၄၄ ကျောင်း၊ အလယ်တန်းကျောင်း ၇၈ ကျောင်း၊ အထက်တန်းကျောင်း ၃၁ ကျောင်း ရှိလာခဲ့ပြီ ဖြစ်ကြောင်း။

အဆင့်မြင့် ပညာကဏ္ဍ၌ ကြည့်မည်ဆိုလျှင် ဘားအံအစိုးရ ကွန်ပျူတာကောလိပ်နှင့် ဘားအံအစိုးရ နည်းပညာကောလိပ်တို့ အသစ်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သကဲ့သို့ ၁၉၈၈ ခုနှစ်က ကောလိပ်အဆင့်သာရှိခဲ့သည့် ဘားအံကောလိပ်ကို ၁၉၉၉ ခုနှစ်တွင် ဒီဂရီကောလိပ် အဆင့်၊ ၂၀၀၃ ခုနှစ်တွင် တက္ကသိုလ်အဆင့် အဆင့်ဆင့် တိုးမြှင့်ပေးခဲ့သည့်အပြင် ယခု

စာမျက်နှာ ၁၁ ကော်လံ ၁

10-2 (10).p65 1 3/24/05, 11:47 PM

စာမျက်နှာ ၁၀ မှ

ဆိုလျှင် ဘားအံတက္ကသိုလ်ကြီးသည် နိုင်ငံတကာ တက္ကသိုလ်ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့် ဆီလျော်ညီညွတ်သော အဆင့်မြင့်တက္ကသိုလ်ကြီးအဖြစ် တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက နယ်ပယ်ကဏ္ဍစုံ၌ စနစ်တကျဖြစ်ထွန်းစေရန်ကြက်စီမံဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ကရင်ပြည်နယ်အတွင်းဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ပညာရေး၊ ကျန်းမာရေး၊လူနေမှုဘဝ တိုးတက်မြင့်မားရေးအခြေခံ ကောင်းများသည်အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ ဤအခြေခံကောင်းများ အရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ဆက်လက်မြှင့်တင်နိုင်ရေးတို့တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေး၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ထူးချွန်ထက်မြက်သည့်အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းရေးသည် အခြေခံအကျဆုံး လိုအပ်ချက်များပင်ဖြစ်သည့်အတွက် တက္ကသိုလ်ဆရာဆရာမများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ အားလုံးက ယခုလိုအပ်ချက်များ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် အမိ ဘားအံတက္ကသိုလ် ကျောင်းတော်ကြီး၏ တိုးတက်ဖြစ်ထွန်းမှု အခြေခံကောင်းများကို တန်ဖိုးရှိရှိ ထိုက်တန်စွာအသုံးပြုရင်း အားထုတ်ကြိုးပမ်းစွမ်းဆောင်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

သွေးခွဲသပ်လျှိုမှုသိမြင်

မျိုးဆက်သစ်လူငယ်များ အမျိုးသားရေးအမြင် ကြည်လင်ထက်သန်ပြီး ပညာရည်မြင့်မားကြပါမှ မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက် ထိထိရောက်ရောက် စွမ်းဆောင်ပေးနိုင်မည်ဖြစ်သည့်အပြင် မိမိနိုင်ငံ၊ မိမိလူမျိုး၏အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းရေးကို အခြေခံသည့်မှန်ကန်သောအတွေးအခေါ်၊ မှန်ကန်သောအယူအဆ၊ မှန်ကန်သောခံယူချက်တို့ဖြစ်ထွန်းပြီး ဘေးပယောဂ သွေးခွဲသပ်လျှိုမှုများကိုလည်းမှန်ကန်စွာသိမြင်ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ နှစ်ပေါင်းထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက်တွင် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်သည် ဘေးပယောဂ စွက်ဖက်ကျူးကျော်မှု အဖုံဖုံကို စည်းစည်းလုံးလုံးညီညီညွတ်ညွတ်လက်တွဲတွန်းလှန်ရင်း ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံလျက် အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ပေါင်းစည်းယှက်နွယ်နေထိုင်လာခဲ့ကြသည့်အတွက်စည်းလုံးညီညွတ်ခိုင်မာသော ပြည်ထောင်စုကြီးအဖြစ်ယနေ့ နိုင်ငံတကာအလယ်၌ တင့်တင့်တယ်တယ်ဝင့်ဝင့်ကြွားကြွားရပ်တည်နေနိုင်ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ဤအစဉ်အလာကောင်းကို ဆက်လက်စွဲမြဲလျက် စည်းလုံးညီညွတ်စွာ နေနိုင်စေရေးအတွက် ယနေ့နိုင်ငံတကာ၌ တွေ့မြင်ကြုံတွေ့နေရသည့် လူမျိုးရေး၊ ဘာသာရေး၊ အယူဝါဒရေး အကြောင်းအမျိုးမျိုးပြပြီး မြှောက်ပင့်သွေးထိုးမှု၊ သွေးခွဲသပ်လျှိုမှု ဘေးပယောဂများကြောင့် မိမိလူမျိုးအချင်းချင်း ပဋိပက္ခဖြစ်ပွားနေမှုများ၊ အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးရမှုများ၊ ပြည်ထောင်စုပြိုကွဲသွားရမှုများ စသည့် အနိဋ္ဌာရုံဖြစ်ရပ်ဆိုးများ မိမိ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ပူးကပ် ဝင်ရောက်မလာစေရအောင် အမျိုးသားရေးသတိဖြင့် အခါမလပ် ကာကွယ်စောင့်ရှောက်နေရန်လိုအပ်မည်ဖြစ်ကြောင်း။

ယခုဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံးလိုလိုတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးပွားဖြစ်ထွန်းနေမှုကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်ရရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိသားစုတစ်စုတည်းမှ ပေါက်ဖွားလာသည့် သွေးချင်းသားရင်းညီအစ်ကိုများအကြား နှစ်ပေါင်းထောင်ချီ စွဲမြဲဖြစ်ထွန်းလာခဲ့သည့် စည်းလုံးညီညွတ်မှုအစဉ်အလာကောင်းများ ပြန်လည်ဖြစ်ထွန်းလာစေရန် မလျှော့သောဇွဲလုံ့လဖြင့် ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း၊ ဘေးပယောဂသွေးခွဲသပ်လျှိုမှုများကို အမျိုးသားရေးကိုယ်ခံအား အပြည့်အဝဖြင့်တွန်းလှန်ဖယ်ရှားပြီး မိမိတို့သွေးချင်းသားရင်းများအကြား အပြန်အလှန်နားလည်စာနာမှု၊ အပြန်အလှန်လေးစားယုံကြည်မှု၊ အပြန်အလှန်ရိုးသားဖြောင့်မတ်မှု၊ စိတ်ကောင်းစေတနာထားရှိမှုတို့ကို ခိုင်ခိုင်မြဲမြဲတည်ဆောက်ကြမည်ဆိုလျှင် ကရင်ပြည်နယ်ကြီးသည်လည်း မကြာမီသောကာလတွင် အခြားသော ပြည်နယ်၊ တိုင်းများနည်းတူ အပြည့်အဝငြိမ်းချမ်းသာယာလာတော့မည်မှာ မလွဲဧကန်ပင်ဖြစ်ကြောင်း။

ဖွံ့ဖြိုးလာမည်

ယခုအချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းစေရအောင် ကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ကရင်ပြည်နယ်အတွင်း ဖြတ်သန်းသွားမည့် အိန္ဒိယ-မြန်မာ-ထိုင်း အဝေးပြေးလမ်းမကြီး စီမံကိန်းများ၊ ကမ္ဘောဒီးယား၊လာအို၊မြန်မာ၊ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်သွားမည့် နယ်စပ်ဒေသအတွင်း စီးပွားရေး၊ကုန်သွယ်ရေးနှင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်း စီမံကိန်းများ တိုးတက်ဖြစ်ထွန်းရေး အစီအမံများသည် မကြာသောကာလတွင် အကောင်အထည်ပေါ်လာတော့မှာဖြစ်သည့်အတွက် ဤစီမံကိန်း အကောင်အထည်ပေါ် ဖြစ်ထွန်းလာသည်နှင့်အမျှ ကရင်ပြည်နယ်ကြီးသည်လည်း တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့အချိန်အခါကဲ့သို့ ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ဒေသ၏စီးပွားရေး တိုးပွားခိုင်မာမှု၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝ အဆင့်အတန်းတိုးတက်မြင့်မားမှု၊အခြေခံကောင်းများတိုးတက်ဖြစ်ထွန်းနေသည့်အပြင် ငြိမ်းချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများလည်း မြင်တွေ့နေရပြီဖြစ်သည့် အခြေအနေအချိန်အခါကောင်းတွင် ဤကောင်းမြတ်သော အလားအလာများလက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် ဒေသခံ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက ဘေးပယောဂများရှောင်ရှားပြီး တက်ညီလက်ညီ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တိုင်းကျိုးပြည်ဆောင်ပုဂ္ဂိုလ်များ

ယနေ့ နိုင်ငံတကာတက္ကသိုလ်ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့်လျော်ညီစွာ တိုးတက်ဖြစ်ထွန်းလာပြီဖြစ်သည့် ဘားအံတက္ကသိုလ် ကျောင်းတော်ကြီးက ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများကလည်း ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ပိုမိုတိုးပွား ခိုင်မာလာစေရေး အတွက် ကြိုးပမ်းစွမ်းဆောင်ပေးမည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ အမိဘားအံတက္ကသိုလ်ကြီးကနေ စဉ်ဆက်မပြတ်ပေါ်ထွန်းနေစေရအောင် အပတ်တကုတ် ကြိုးစားလေ့လာသင်ယူကြရန်နှင့် တိုင်းကျိုးပြည်ဆောင် ပုဂ္ဂိုလ်များဖြစ်အောင် ကြိုးစားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ—

- **ဘားအံတက္ကသိုလ် ကျောင်းတော်သူ ကျောင်းတော်သားများ အနေဖြင့် ယနေ့နိုင်ငံတကာ အဆင့်မီ တက္ကသိုလ်ကြီးအဖြစ် တိုးတက်ဖြစ်ထွန်းလာပြီဖြစ်သည့် အမိ ဘားအံတက္ကသိုလ်ကြီး၏ အေးမြသော အရိပ်အာဝါသ၌ အဆင့်မြင့် ပညာရပ်များကို စိတ်အေးချမ်းမြေ့စွာ သင်ယူ ဆည်းပူးလေ့လာရင်း ကရင်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီး တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း စွမ်းဆောင်ပေးနိုင်မည့် အသိပညာရှင် အတတ်ပညာရှင်များဖြစ်လာစေရအောင် အားထုတ်ကြိုးပမ်းနိုင်ကြပါစေ၊**
- **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာ့အလယ်၌ တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွား ကမ္ဘာတည်သရွေ့ ရပ်တည်နိုင်စေရေးအတွက် ငြိမ်းချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု အခြေခံကောင်းများ အစဉ်ထာဝရ တိုးပွား ဖြစ်ထွန်းနေစေရအောင် တိုင်းရင်းသားပြည်သူများ အားလုံးက ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် လက်တွဲ ပူးပေါင်း စွမ်းဆောင်နိုင်ကြပါစေ၊**
- **နိုင်ငံတော်က ချမှတ်ထားသည့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်အောင် ပူးပေါင်းပါဝင် စွမ်းဆောင်နိုင်ကြပါစေ**

ဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ယခုကာလတွင် အမျိုးသားပညာရည်မြင့်မားရေး နှစ်ရှည်စီမံကိန်း ချမှတ်ပြီး ပညာရေးဝန်ကြီးဌာနသာမက ကျန်းမာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများအောက်ရှိ အဆင့်မြင့်ပညာ ကဏ္ဍများကိုပါ ထည့်သွင်းစီမံ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလဖြစ်ကြောင်း။

အဆင့်မြင့်ပညာကဏ္ဍ အနေဖြင့် ၁၉၈၈ ခုနှစ်က တစ်နိုင်ငံလုံး၌ တက္ကသိုလ်၊ ကောလိပ် ၃၂ခုရှိခဲ့ရာက ယခုဆိုလျှင် ပြည်နယ်နှင့်တိုင်းအားလုံး၌ ဖြန့်ကြက်ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၄ ခုအထိ တိုးတက်ဖြစ်ထွန်းလာပြီ ဖြစ်ကြောင်း။

၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ် ကျောင်းသူ ကျောင်းသား တစ်သိန်းသုံးသောင်းကျော် ရှိခဲ့ရာက ယခုအခါ တက္ကသိုလ်၊ ဒီဂရီကောလိပ် ကျောင်းသူ ကျောင်းသား ရှစ်သိန်းကိုးသောင်းကျော် ရှိလာခဲ့ပြီဖြစ်ကြောင်း။

သင်ကြားရေးအပိုင်း၌လည်း ၁၉၈၈ ခုနှစ်က ပါမောက္ခမှ နည်းပြအဆင့်အထိ တက္ကသိုလ် ဆရာ ဆရာမပေါင်း ၆၀၀၀ ကျော်သာရှိခဲ့ရာက ယခုဆိုလျှင် ၁၇၀၀၀ကျော်အထိ တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို တွေ့ရကြောင်း။

တိုးချဲ့သင်ကြား

၁၉၈၈ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း မဟာဝိဇ္ဇာအဆင့်အထိသာ ပေးနိုင်ခဲ့သော်လည်း ယခုအခါ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များအနေဖြင့် မဟာသုတေသနဘွဲ့ ၁၈မျိုး၊ မဟာဘွဲ့ ၄၀၊ ပါရဂူဘွဲ့ ၂၀ အပါအဝင် ဒီပလိုမာနှင့် ဘွဲ့အမျိုးအစားပေါင်း ၃၁၆ ခု အထိ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့သင်ကြားလေ့ကျင့်ပေးနိုင်ပြီဖြစ်ကြောင်း။

၁၉၉၈ခုနှစ်ကစပြီး ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်တိုင်း၌ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများကို တည်ထောင်ဖွင့်လှစ်ပြီး ပရဝဏ်တစ်ခု စနစ်ပေါင်းစုံစနစ်(One Campus-Multi System)ကျင့်သုံးခဲ့ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများ၌ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်ရ သင်တန်းအမျိုးအစား ၁၅၉ မျိုး ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားပေါင်း ၉၃၀၂၀ မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း။

ကြိုးပမ်းမြှင့်တင်ပေး

ဆေးဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ၌လည်း မဟာဘွဲ့၊ ပါရဂူဘွဲ့ ၉၀၊ နည်းပညာ တက္ကသိုလ်များနှင့် ကွန်ပျူတာ တက္ကသိုလ်များ၌ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ ၇၃ မျိုးကိုလည်း တိုးချဲ့သင်ကြားပေးနေပြီဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်ရေး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ တင့်တယ်ထည်ဝါဝင့်ကြွားလာနိုင်စေရေးအတွက် မြန်မာနိုင်ငံ၏ပညာရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းမြှင့်တင်ပေးလျက်ရှိကြောင်း။

၁၉၈၈ခုနှစ်တွင် ကရင်ပြည်နယ်၌ ဘားအံကောလိပ်တစ်ခုသာရှိသော်လည်း ယခုအခါ ဘားအံတက္ကသိုလ်အပါအဝင် တက္ကသိုလ်တစ်ခု၊ ဒီဂရီကောလိပ်နှစ်ခုနှင့် ကောလိပ်တစ်ခု စုစုပေါင်း တက္ကသိုလ်၊ ဒီဂရီကောလိပ် ကောလိပ်လေးခုအထိ တိုးတက်လာကြောင်း။

အမျိုးသားပညာရည် မြင့်မားရေး အစီအစဉ်အရ ဘားအံတက္ကသိုလ်တွင် IT Centre ခုနစ်ခန်းဖွင့်လှစ်ထားရှိပြီး ကျောင်းသားကျောင်းသူများကို သင်ကြားပေးလျက်ရှိကြောင်း၊ Language Lab နှစ်ခု၌လည်း ကျောင်းသား ကျောင်းသူ ၉၆ ဦးကို တစ်ပြိုင်တည်း လေ့ကျင့်သင်ကြားပေးနိုင်ကြောင်း၊ VSAT,e-mail တို့ကိုလည်း ချိတ်ဆက်ပြီး Internet ပါ အသုံးပြုဆောင်ရွက်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏လမ်းညွှန်မှာကြားချက်အရ ဘားအံတက္ကသိုလ်ပင်မဆောင်ကို တည်ဆောက်ခဲ့ရာတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုယ်တိုင်အဆောက်အအုံမြေနေရာ ရွေးချယ်သည့်အချိန်မှစ၍ ပင်မဆောင် ဖွင့်လှစ်သည့် ကာလအထိ အမြဲမပြတ်ကြီးကြပ်စစ်ဆေးခြင်း၊ လမ်းညွှန်မှာကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

နိဂုံးချုပ်အနေဖြင့်ဘားအံတက္ကသိုလ်ဆရာ ဆရာမများအနေနှင့် နိုင်ငံတော်က မျှော်မှန်းထားသည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်ကြီးဖြစ်ထွန်းလာအောင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် သယ်ပိုးထမ်းဆောင်ကြမည့် ပညာရှင်များဖြစ်လာအောင် ကျောင်းသားကျောင်းသူများကိုလေ့ကျင့်ပျိုးထောင်ပေးကြပါ၊ ပညာသင်ကြားရာ ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များသည် ပညာစွမ်းရည်မြင့်မားရေးအတွက်သာမက နိုင်ငံ့သားကောင်း အရည်အသွေးများကိုပါ လေ့ကျင့်ပေးကြပါဟု ပြောကြားသည်။

ယင်းနောက် ဘားအံတက္ကသိုလ် ကျောင်းသူ ကျောင်းသားများကိုယ်စား ဘားအံတက္ကသိုလ် ဒုတိယနှစ်သင်္ချာ အထူးပြုကျောင်းသူ မဂျူးမို့မို့စံက ဂါရဝပြု ဝမ်းမြောက် ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များနှင့်ဧည့်သည်တော်များအား ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်နေသည့်အခြေအနေကို ဖော်ညွှန်းသည့် 'ဘားစည်သံဝေကရင်မြေ' ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ဘားအံတက္ကသိုလ် ငွေပဒေသာပင်စိုက်ထူရန် ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌဦးဌေးမြင့်က ငွေကျပ်သိန်း ၁၀၀၊ ကရင်ပြည်နယ် ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စီးပွားရေးလုပ်ငန်းရှင် ၁၅ ဦးတို့က ငွေကျပ်သိန်း ၃၀၊ မြဝတီခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၂၀၊ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် ၁၀သိန်း၊ မြိုင်ကြီးငူဆရာတော်ဘဒ္ဒန္တသုဇနက ငွေကျပ် ငါးသိန်းနှင့် မြဋ္ဌေးကြွယ်လင်း ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်သန်းက ငွေကျပ်ငါးသိန်း စုစုပေါင်းငွေကျပ် ၁၀သိန်း၊ တောင်ကလေးဆရာတော် ဘဒ္ဒန္တပညာသာမိက ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တက္ကသိုလ် ငွေပဒေသာပင်စိုက်ထူရန် အလှူရှင်များ လှူဒါန်းသည့်ငွေကျပ် ၃၇၅ သိန်းကို ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးစောဟန်ရှိန်အား ပြန်လည်လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ယုဇနကုမ္ပဏီဥက္ကဋ္ဌတို့က ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များကို ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်မဆောင် ပထမထပ်၌ ခင်းကျင်းပြသထားသော ဘာသာရပ်ဆိုင်ရာ စာအုပ်များပြပွဲကို ကြည့်ရှုလေ့လာကြသည်။ ဆက်လက်၍ ပုဂ္ဂလိက ကုမ္ပဏီများ၏ IT ဆိုင်ရာပစ္စည်းများ ခင်းကျင်းပြသမှုများကို ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အတူ ပင်မဆောင် ရှေ့မြက်ခင်းပြင်၌ စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ဘားအံတက္ကသိုလ် ပင်မဆောင်

ဘားအံတက္ကသိုလ် ပင်မဆောင်ကို တွေ့ရစဉ်။

(သတင်းစဉ်)

10-2 (11).p65 1 3/24/05, 11:47 PM

အောင်ပွဲရဘင်းမ် စ တက် ချန်ပီယံ မြန်မာလူငယ် ဘောလုံးအသင်း အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင် အား မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်း ကဝမ်းသာအားရ နှုတ်ဆက်စဉ်။ (မြန်မာ့အလင်း)

❒ နိုင်ငံ့ဂုဏ်ဆောင်မှ

အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားမောင်မယ်များ၊ မြန်မာ့ဘောလုံးဝါသနာရှင်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။

ချန်ပီယံဆုဖလားနှင့်အတူ အမိမြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာသော မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးရောက်မဆိုက် မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

ပထမဦးစွာ မြန်မာလူငယ်ဘောလုံးအသင်းအား အနီးကပ် ကြီးကြပ်၍အားပေးရန် မြန်မာလူငယ်အသင်းနှင့်အတူ ထိုင်းနိုင်ငံ ဖူးကတ်မြို့သို့ လိုက်ပါသွားသော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်(ဥက္ကဋ္ဌ၊ ဒဂုံအင်တာနေရှင်နယ်လီမိတက်)အား အောင်မြင်မှုရရှိသည့်အတွက် ခံစားမှုကို မေးမြန်းရာ “မြန်မာလူငယ်အသင်း ယခုကဲ့သို့ ချန်ပီယံဆုဖလားရယူနိုင်ခဲ့သည်မှာ တိုင်းပြည်အတွက်ဂုဏ်ယူစရာဖြစ်ကြောင်း၊ တိုင်းပြည်ဂုဏ်ဆောင်နိုင်ခဲ့သည့်အတွက် အတိုင်းမသိ ဝမ်းသာမိကြောင်း၊ တစ်သင်းလုံးတက်ညီလက်ညီဖြင့် ကြိုးစားယှဉ်ပြိုင်ခဲ့သည့်အတွက် ယခုလို အောင်မြင်မှုရခြင်းဖြစ်ကြောင်း၊ နောင်လာမည့်ပြိုင်ပွဲများတွင်လည်း အောင်မြင်မှုရရှိရေးအတွက် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း” ပြောကြားသည်။

ထို့နောက်မြန်မာလူငယ်အသင်း၏ အုပ်ချုပ်သူအဖြစ် လိုက်ပါသွားသော အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်အား မေးမြန်းရာ “ယခုလို အောင်မြင်မှုရသည့်အတွက် မြန်မာလူငယ်အသင်းအတွက် သာမက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အတွက်ပါ အတိုင်းမသိ ဝမ်းသာမိကြောင်း၊ အုပ်စုပွဲစဉ်၌ အိန္ဒိယလူငယ်နှင့် ဂိုးမရှိသရေကျခဲ့ပြီး၊ ဗိုလ်လုပွဲတွင် အိန္ဒိယလူငယ်နှင့် ထပ်မံဆုံတွေ့ပြီး အနိုင်ရခဲ့ခြင်းဖြစ်၍ ထိုက်ထိုက်တန်တန် အောင်မြင်မှုဖြစ်ကြောင်း၊ အသက်(၁၇) နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲ၌ အိန္ဒိယလူငယ်ကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးခဲ့သည့်အတွက် ယခုလိုပြန်နိုင်သည့်အခါ ဝမ်းသာမှုပိုဖြစ်ရကြောင်း” ပြောကြားသည်။

မြန်မာလူငယ် ဘောလုံးအသင်းနည်းပြချုပ် ဦးတင်ဟန်ကလည်း ပြိုင်ပွဲအတွေ့အကြုံကို ပြောကြားရာတွင် “မြန်မာလူငယ်အသင်းကို မိမိတာဝန်ယူ လေ့ကျင့်ပေးလာခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း၊ဗိုလ်လုပွဲတွင် ၁၀ ယောက်တည်းဖြင့်ကစားရသော်လည်း အသင်းပုံပျက်မသွားဘဲ ကစားနိုင်ခဲ့ကြောင်း၊ တစ်ယောက်အထုတ်ခံရပြီးဒုတိယပိုင်းရောက်မှ အနိုင်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်းလူငယ်နှင့် အိန္ဒိယလူငယ်အသင်းတို့သည် အသင်းကောင်းများ ဖြစ်ကြောင်း၊ မိမိတို့ကြိုးစားခဲ့သည့်အတိုင်း အောင်မြင်မှုရသည့်အတွက် ထူးထူးခြားခြား မခံစားရကြောင်း” ပြောကြားသည်။

ဆက်လက်၍ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းလက်ထောက်နည်းပြ ဦးကြည်လွင်က အောင်မြင်မှုရရှိသည့်အတွက် ခံစားမှုကိုပြောကြားရာ “ပွဲတိုင်း၌ အကောင်းဆုံးကစားခဲ့ကြကြောင်း၊ ၂၀၀၄ ခုနှစ် နှစ်သစ်၌ ယခုလိုချန်ပီယံဆုဖလား ရယူနိုင်သည့်အတွက် နိုင်ငံတော် လူကြီးများအတွက်ရော အားပေးနေကြသည့် ပရိသတ်များအတွက်ပါ ဝမ်းသာဂုဏ်ယူမိကြောင်း၊ လေ့ကျင့်စဉ်က ကြိုးစားလေ့ကျင့်ခဲ့မှုကြောင့် ပြိုင်ပွဲတွင် ခက်ခက်ခဲခဲ အခြေအနေမျိုးနှင့် ကြုံတွေ့ရသော်လည်း အောင်မြင်မှု ရရှိခဲ့ခြင်းဖြစ်ကြောင်း”ပြောကြားသည်။

ဆက်လက်၍ မြန်မာလူငယ်အသင်းမှဂိုးသမားထွန်းထွန်းလင်းအား ပြိုင်ပွဲတစ်လျှောက်တစ်ဂိုးမှ အသွင်းမခံရအောင် ကြိုးစားဖမ်းခဲ့ပုံကို မေးမြန်းရာ “နောက်ဆုံးဗိုလ်လုပွဲ၌ ခက်ခက်ခဲခဲဖမ်းခဲ့ရကြောင်း၊ မိမိတစ်ဦးတည်းကောင်း၍ မဟုတ်ကြောင်း၊ အသင်းလိုက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ကစားခဲ့၍ ယခုလို ဂိုးမပေးခဲ့ရခြင်းဖြစ်ကြောင်း”ပြောကြားသည်။

နောက်ဆုံးဗိုလ်လုပွဲတွင် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူခဲ့သူ အောင်ဝင်းနိုင်(ခ)အောင်ဇော်မျိုးက ပြောကြားရာတွင် “ထွန်းထွန်းဝင်းကန်ပို့ပေးသည့် ထောင့်ကန်ဘောကို ဇော်ထက်အောင်က ခေါင်းတိုက်သွင်းကြောင်း၊ ဇော်ထက်အောင်ခေါင်းတိုက်သည့် ဘောလုံးဂိုးသမားနှင့်ထိပြီး ပြုတ်ကျလာကြောင်း၊ ဂိုးသမားလဲကျပြီး ဟန်ချက်ပျက်သွားစဉ် မိမိက ဘောလုံးကို နောက်ပြန်ကန်ချက်(ပီလီကစ်)ဖြင့် ကန်သွင်းခဲ့ခြင်းဖြစ်ကြောင်း” ပြောကြားသည်။

မြန်မာလူငယ်အသင်းခေါင်းဆောင် ဇော်ဇော်က ပြောကြားရာတွင်လည်း “ပွဲစဉ်တိုင်း၌ အသင်းခေါင်းဆောင်အဖြစ်ကစားခဲ့ကြောင်း၊ မိမိကိုယ်တိုင် ဂိုးမသွင်းနိုင်သော်လည်း ဂိုးသွင်းနိုင်ရန် အကွက်ဆင်ပေးခဲ့ကြောင်း၊ အသင်းလိုက် ညီညီညွတ်ညွတ်ဖြင့် ကြိုးစားကစားခဲ့၍ အောင်မြင်မှုရခြင်းဖြစ်ကြောင်း”ပြောကြားသည်။

အုပ်စုပွဲစဉ်မှ ဗိုလ်လုပွဲအထိ စုစုပေါင်း လေးပွဲကစားခဲ့ရာတွင် လေးဂိုးသွင်းယူခဲ့သူ ထွန်းမင်းဦးက ပြောကြားရာတွင် “ဂိုးအများကြီးသွင်းနိုင်ခဲ့၍ ဝမ်းသာမိကြောင်း၊ လေးဂိုးသွင်းခဲ့ရာတွင် ခေါင်းတိုက်ဂိုး နှစ်ဂိုး၊ ခြေထောက်ဖြင့် နှစ်ဂိုးသွင်းယူခဲ့ကြောင်း၊ ဗိုလ်လုပွဲတွင် ဂိုးသွင်းနိုင်ရန် ကြိုးစားသော်လည်း ဂိုးမရခဲ့ကြောင်း”ပြောကြားသည်။

လေးပွဲကစားခဲ့ရာတွင် သုံးဂိုးသွင်းယူခဲ့သူ ကျော်ကျော်စိုးကလည်း “ယခုလိုဂိုးများသွင်းနိုင်၍ ဝမ်းသာအားတက်မိကြောင်း၊ အာဆီယံ (ယူ-၁၇)ပြိုင်ပွဲတွင်လည်း ဂိုးများသွင်းနိုင်ခဲ့ကြောင်း၊ သုံးဂိုးအနက် ခေါင်းတိုက်ဂိုး နှစ်ဂိုး၊ ခြေထောက်ဖြင့် တစ်ဂိုးသွင်းခဲ့ကြောင်း”မြန်မာ့အလင်းသို့ပြောကြားသည်။

ယခုမြန်မာလူငယ်ဘောလုံးအသင်း၏ အောင်မြင်မှုသည် ၂၀၀၄ ခုနှစ်အတွင်း ပထမဆုံး နိုင်ငံတကာပြိုင်ပွဲ၌ ချန်ပီယံ ဆုဖလားရရှိခြင်းဖြစ်သလို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ပြင်ဆင်ဖွဲ့စည်းပြီးနောက် ပထမဆုံးချန်ပီယံဆုဖလားရရှိခြင်းလည်း ဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**

❍ အသက်(၁၈)နှစ်မှ

အဖွင့်ဂိုးသွင်းယူပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာလူငယ်အသင်းနှင့် အိန္ဒိယလူငယ်အသင်းတို့သည် အုပ်စုအဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားစဉ်က ဂိုးမရှိသရေကျခဲ့သည်။ မြန်မာလူငယ်အသင်းနှင့် အိန္ဒိယလူငယ်အသင်းတို့သည် ၂၀၀၂ ခုနှစ် ယူအေအီးနိုင်ငံ၌ ကျင်းပသည့် အသက် (၁၇)နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲတွင် ဆုံတွေ့ခဲ့ရာ အိန္ဒိယလူငယ်အသင်းက မြန်မာလူငယ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အသက်(၁၇)နှစ်အောက် အိန္ဒိယလူငယ်အသင်းသည် ၂၀၀၄ ခုနှစ် အသက် (၁၇)နှစ်အောက်အာရှလူငယ်ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်မြင်ထားသည်။ ယခုပြိုင်ပွဲတွင် အိန္ဒိယလူငယ်အသင်းသည် အကြိုဗိုလ်လုပွဲ၌ အိမ်ရှင် ထိုင်းလူငယ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့ရာ ခြေစွမ်းထက်မြက်သော အသင်းဖြစ်သည်။ မြန်မာလူငယ်အသင်းက အကြိုဗိုလ်လုပွဲတွင် သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့သော ဘင်္ဂလားဒေ့ရှ်လူငယ်အသင်းကို ထိုင်းလူငယ်အသင်းက အုပ်စုပွဲစဉ်၌ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အုပ်စုပွဲစဉ်

ပထမအကြိမ်အသက် (၁၈)နှစ်အောက်ဘင်းမ်စတက်လူငယ်ဘောလုံးပြိုင်ပွဲတွင် မူလက ခုနစ်သင်းပါဝင်ယှဉ်ပြိုင်ရန် ဖြစ်သော်လည်း နီပေါလူငယ်အသင်း နုတ်ထွက်သွားသဖြင့် ခြောက်သင်းသာ ယှဉ်ပြိုင်ခဲ့ရသည်။ ပြိုင်ပွဲဝင် ခြောက်သင်းကို သုံးသင်းစီပါဝင်သော အုပ်စုနှစ်စုခွဲ၍ အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များ ကျင်းပခဲ့သည်။

အုပ်စု (က)တွင် အိမ်ရှင် ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာတို့ပါဝင်ပြီး အုပ်စု(ခ)တွင် မြန်မာ၊ အိန္ဒိယနှင့် ဘူတန်တို့ ပါဝင်ကြသည်။ အုပ်စု(ခ) ပွဲစဉ်များတွင် မြန်မာလူငယ်အသင်းက ဘူတန်လူငယ်အသင်းကို ငါးဂိုး-ဂိုးမရှိ၊ အိန္ဒိယလူငယ်အသင်းက ဘူတန်လူငယ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အိန္ဒိယလူငယ်အသင်းနှင့် မြန်မာလူငယ်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

အုပ်စု(ခ)တွင် မြန်မာလူငယ်အသင်းနှင့် အိန္ဒိယလူငယ်အသင်းတို့ လေးမှတ်စီ တူညီသော်လည်း ဂိုးကွာခြားချက်အရ မြန်မာလူငယ်အသင်းက အုပ်စုပထမရရှိပြီး၊ အိန္ဒိယလူငယ်အသင်းက အုပ်စုဒုတိယရရှိခဲ့ခြင်းဖြစ်သည်။ အုပ်စု(က)တွင် အိမ်ရှင်ထိုင်းလူငယ်အသင်းက အုပ်စုပထမရရှိပြီး၊ ဘင်္ဂလားဒေ့ရှ်လူငယ်အသင်းက အုပ်စုဒုတိယရရှိသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၀-၂-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၇။ အဆိုပြိုင်ပွဲ
၈:၀၅ ၈။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၁၀ ၉။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၁၀။ မန်းချောင်းတံတား
၈:၃၀ ၁၁။ International News
၈:၄၅ ၁၂။ Grammar made Easy
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၆:၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံ အထူးပြုများအားလုံး) [ရူပဗေဒ]
၁၆:၅၀ ၅။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၀၀ ၆။ မွန်ရိုးရာဝတ်စားဆင်ယင်မှု
၁၇:၀၅ ၇။ ခံစားနားဆင် တေးဓာတ်ဝင်
၁၇:၁၅ ၈။ ရှမ်းပြည်နယ်ယဉ်ကျေးမှုပြတိုက်
၁၇:၃၀ ၉။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ Milo Success in Soccer
၁၉:၁၀ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၉:၂၀ ၁၄။ မြစ်ရော၏အစနှင့် မြစ်ကျဉ်းများ၏အလှ (အပိုင်း-၂)
၁၉:၃၀ ၁၅။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၄၀ ၁၆။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ “အေးချမ်းဝေစည် ရှမ်းတို့ဌာနီ” (တောင်ပိုင်း)
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **“တုံ့မယူလို”**(အပိုင်း-၂၅)
၂၁။ Calcio Serie A Highlight

တရားပွဲ(ဓမ္မဒါန) ကုသိုလ်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ပန်းခင်းလမ်း ဖိနပ်မိသားစု၏ တရားပွဲ(ဓမ္မဒါန) ကုသိုလ်အဖြစ် ဖေဖော်ဝါရီ ၁၁ရက်မှ ၁၃ရက်အထိ နေ့စဉ် ညနေ ၅ နာရီမှစ၍ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၈) ရပ်ကွက် သုနန္ဒာ(၁)လမ်း အမှတ် ၇၀၇ ၌ တရားပွဲများကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ နာယကကမ္မဋ္ဌာနာစရိယမုဒ္ဒံဆရာတော် ဘဒ္ဒန္တကုသလ ဆရာတော်ကလည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ တိပိဋကဓရဆရာတော် ဘဒ္ဒန္တသု မင်္ဂလာလင်္ကာရ (Ph.D)နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် သိရီမင်္ဂလာမဟာစည်ရိပ်သာ မဟာစည်နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဗဟုဇနဟိတဓရ ဓမ္မကထိက တွံတေးဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒကတို့ကလည်းကောင်း၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် မန္တလေးမြို့ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက် သီတဂူကြယ်တစ်ပွင့် ဆရာတော်ဘဒ္ဒန္တပညာနန္ဒ (ဓမ္မကထိက ဗဟုဇနဟိတဓရသာသနဓဇဓမ္မာစရိယ) ဆရာတော်သုံးပါးတို့ကလည်းကောင်း နိမ့်ဖွာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ တောင်ကြီးမြို့၌ ပြည်နယ်အဆင့်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ သည် ဖေဖော်ဝါရီ၈ရက် နံနက် ၈ နာရီတွင် တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဧည့်ရိပ်သာ၌ ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ် အဆင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ အထောက်အကူပြု အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ရှင်းလင်းဆွေးနွေးသည့် ဖွဲ့စည်းပုံနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ရှေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းတင်ပြကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေးကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာလူငယ်အသင်းသည် အုပ်စုပွဲစဉ်မှ ဗိုလ်လုပွဲအထိ ငါးပွဲယှဉ်ပြိုင်ကစားခဲ့ရာတွင် ကိုးဂိုးသွင်းနိုင်ခဲ့ပြီး ပေးဂိုးလုံးဝမရှိခဲ့ပေ။ မြန်မာလူငယ်အသင်းအတွက် အနိုင်ဂိုးများကို ထွန်းမင်းဦးက လေးဂိုး၊ ကျော်ကျော်စိုးက သုံးဂိုး၊ဇော်ထက်အောင်နှင့်အောင်ဝင်းနိုင်(ခ)အောင်ဇော်မျိုးတို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။

အာဆီယံချန်ပီယံ

ပထမအကြိမ် အသက်(၁၈)နှစ်အောက်ဘင်းမ်စတက်လူငယ်ဘောလုံးပြိုင်ပွဲဝင် မြန်မာလူငယ်အသင်းသည် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် ပထမအကြိမ် အသက်(၁၈)နှစ်အောက် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံ ဆုဖလားရရှိခဲ့သော မြန်မာလူငယ်အသင်းကို အခြေခံကာ ဖွဲ့စည်းထားခြင်းဖြစ်သည်။

မြန်မာလူငယ်အသင်းမှ ကျော်မင်းလှိုင်(ဂိုး)၊ ထွန်းထွန်းဝင်း(၂)၊ ဆန်းဒေးသိန်း၊ အောင်လတ်သူတို့သည် ယခုပြိုင်ပွဲမှသာ ပထမဆုံး နိုင်ငံတကာပြိုင်ပွဲ၌ ပါဝင်လာခြင်းဖြစ်သည်။ တိုက်စစ်မှူးဇော်ဇော်သည် ပြီးခဲ့သည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် မြန်မာ(ယူ-၂၃) အသင်း၌ ပါဝင်ခဲ့သူဖြစ်သည်။

ပထမဆုံးပြိုင်ပွဲ

ပထမအကြိမ် အသက်(၁၈)နှစ်အောက်ဘင်းမ်စတက်လူငယ်ဘောလုံးပြိုင်ပွဲသည် ၂၀၀၄ခုနှစ်အတွင်း မြန်မာလူငယ်ဘောလုံးအသင်း၏ ပထမဆုံး နိုင်ငံတကာပြိုင်ပွဲ ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ပြင်ဆင်ဖွဲ့စည်းပြီးနောက် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ရခြင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြင်ဆင်ဖွဲ့စည်းပြီးနောက် ပထမဆုံးနိုင်ငံတကာပြိုင်ပွဲတွင် မြန်မာလူငယ်ဘောလုံးအသင်း အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်ရာ အနာဂတ်မြန်မာ့ဘောလုံးလောကအတွက် အားတက်ဂုဏ်ယူဖွယ်ရာပင် ဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၁၀-၂-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(စိတ်ပညာ) (ခ)ပထမနှစ်(အင်္ဂလိပ်စာ)
၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မောင့်ရွှေနဖားစူး၊ မယ့်ရွှေနဖူးစာ”**(အပိုင်း-၅)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သစ္စာမဏ္ဍိုင်”**(အပိုင်း-၉)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့

အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

■ (၅၇)နှစ်မြောက်

သယ်ဆောင်ပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ပြည်ထောင်စုနေ့ အလံတော်ကို သယ်ဆောင်လာပြီး ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

မှန်ဦးသို့သယ်ဆောင်

ထို့နောက် ပြည်ထောင်စုနေ့ အလံတော်ကို ပြည်ထောင်စုလှေဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်မှ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်သို့ သန်လျင်တံတား၊ သာကေတအဝိုင်း၊ ဧရာဝဏ်လမ်း၊ သုဝဏ္ဏအားကစားကွင်းလမ်းဆုံမှတစ်ဆင့် သံသုမာလမ်း၊ ဒဂုံမြို့သစ် (တောင်/မြောက်) လမ်းဆုံရှိ အလံတော်ကြိုဆိုရေးမှန်ဦးသို့ သယ်ဆောင်ကြသည်။

ဂုဏ်ပြုကြိုဆို

ထို့နောက် ပြည်ထောင်စုနေ့ အလံတော်ကို သယ်ဆောင်လာသည့် ပြည်ထောင်စုလှေသည် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ကြိုဆိုရေးမှန်ဦးသို့ နံနက် ၇ နာရီခွဲတွင် ရောက်ရှိပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ပြည်ထောင်စုနေ့ အလံတော်ကို အလေးပြု၍ နုတ်ယူပြီး တပ်မတော် (ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စု တိုင်းရင်းသားတိုင်းရင်းသူများခြံရံလျက် သယ်ဆောင်ကာ ပြည်ထောင်စုလမ်းတွင် အသင့်စောင့်ဆိုင်းနေသော ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးမြအောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။ မှန်ဦးထိပ်တွင် ပန်းတဉ်းတန်းစည်တော်အဖွဲ့က စည်တော်ရွမ်း၍လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ် (၃) ဘင်ခရာပန်းဖွားအဖွဲ့က ဘင်ခရာ တီးမှုတ်၍လည်းကောင်း၊ ပန်းဖွားအကဖြင့်လည်းကောင်း ဂုဏ်ပြုကြိုဆိုကြသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ဦးမြအောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့က ပြည်ထောင်စုနေ့ အလံတော်ကို ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းအတိုင်း သယ်ဆောင်လာပြီး တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည်။

မြောက်ဥက္ကလာသို့လွှဲပြောင်းပေးအပ်

ထိုမှတစ်ဆင့် ပြည်ထောင်စုနေ့ အလံတော်ကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအမှုဆောင် ဒေါ်နွယ်နီကျော် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဖေခင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သဃ်န်းကျွန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေဝင်း ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ခင်အုန်းမြင့် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ ဒေါပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကြက်ခြေနီတပ်ရင်းမှ ဦးစောမင်းလူ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုး ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးရဲညွန့် (ငြိမ်း) ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လှိုင် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့တို့က ပြည်ထောင်စုလမ်းအတိုင်း သယ်ဆောင်လာကြပြီး ပြည်ထောင်စုလမ်းနှင့် ပုလဲရတနာလမ်းထောင့်အရောက်၌ မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ဝင်းထံသို့ လွှဲပြောင်းပေးအပ်သည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)ရောက်ရှိ

ထို့နောက် မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ဝင်း ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့မှတစ်ဆင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ကြက်ခြေနီတပ်ဖွဲ့မှ ဦးအေးထွန်းခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်ဦး ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ကျော်လွင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပညာရေးဌာနမှ ဒေါ်မြတ်မြတ်မူ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မီးသတ်တပ်ဖွဲ့မှ ရဲကျော်သူတင်အေး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့တို့က ပုလဲရတနာလမ်းအတိုင်း အဆင့်ဆင့်လက်ဆင့်ကမ်း၍ ပြည်ထောင်စုနေ့အလံတော်ကို သယ်ဆောင်လာကြပြီးနောက် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အားကစားကွင်းထိပ်ရှိ ကြိုဆိုရေးမှန်ဦး၌ အသင့်စောင့်ဆိုင်းနေသော ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်အောင်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်အောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့က အားကစားကွင်း အထူးတန်း ပွဲကြည့်စင်ရှေ့အရောက်၌ ပြည်ထောင်စုနေ့ အလံတော်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ငွေဖလား၌စိုက်ထူ

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က တပ်မတော်(ကြည်း၊ရေ၊လေ) ရဲအရာရှိလေးဦးနှင့် ပြည်ထောင်စုတိုင်းရင်းသားတိုင်းရင်းသူများ ခြံရံလိုက်ပါ၍ ပြည်ထောင်စုနေ့အလံတော်ကို သယ်ဆောင်လာပြီး နံနက် ၈ နာရီခွဲတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ထို့နောက် တက်ရောက်လာကြသော ပြည်သူများက ပြည်ထောင်စုအလံတော်ကို ရန်ကုန်တိုင်း စစ်ဌာနချုပ်ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌ တစ်ညတာ ရပ်နားလျက်ရှိသော ပြည်ထောင်စုနေ့အလံတော်ကို လာရောက်အလေးပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အထူးစည်ကား

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော် တစ်ညတာရပ်နားသည့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အားကစားကွင်း၌ ယနေ့နံနက်ပိုင်းမှစ၍ မြန်မာမှုတေးဂီတဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေခြင်း၊ စက်မှုဇုန် ရှစ်ဇုန်နှင့် စီးပွားရေးဖွံ့ဖြိုးမှုဇုန် တစ်ဇုန်မှ ထုတ်လုပ်သည့် မော်တော်ယာဉ်များ၊ လယ်/ယာသုံး စက်ကိရိယာပစ္စည်းများအပါအဝင်၊ စက်မှုဇုန်များမှ ထုတ်လုပ်သော ထုတ်ကုန်ပြခန်းများဖြင့်လည်းကောင်း၊ဝန်ကြီးဌာန ခြောက်ခုမှ ပြခန်းများဖြင့်လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ လူသုံးကုန်၊ ဆေးဝါးပစ္စည်း၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်းများ ရောင်းချသည့် အရောင်းဆိုင်များဖြင့်လည်းကောင်း လေ့လာကြည့်ရှုဝယ်ယူအားပေးကြသူများဖြင့်ထူးကဲစွာ စည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈-၂-၂၀၀၄ မှ ၁၆-၂-၂၀၀၄

အချိန် – နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀)နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

ပြည်ထောင်စု၏အပေါင်းလက္ခဏာ

★ နိုင်ငံတော်ရဲ့ စေတနာပန်း
ပွင့်လန်းတဲ့အမိမြေ
နယ်စပ်ဌာနေ။
ငြိမ်းချမ်းရေးတေးချိုဝေ
သွေးချင်းဆွေစုပေါင်း။
စည်းလုံးချစ်ကြည်လို့
'သမိုင်းသစ်' တည် 'ပြည်သစ်'ဆောက်တယ်
အံ့လောက်ဖွယ်ကောင်း။

★ နိုင်ငံတော်ရဲ့မေတ္တာမိုး
သွန်းဖြိုးတဲ့ အမိမြေ
ကျေးလက်ဌာနေ။
စိမ်းလန်းမွေ့အေးစိုပြည်
သားချင်းဆွေစုပေါင်း။
ညီညွတ်ချစ်ကြည်လို့
'တိုင်းသစ်'တည်'ကျီသစ်'ဆောက်တယ်
အံ့လောက်ဖွယ်ကောင်း။

★ အံ့ဖွယ်အကောင်းတွေနဲ့
အပေါင်းလက္ခဏာ အမိမြေ
အစွန့်ရှည် သာစေကြောင်း။
ဘယ်သူဖျက်ဖျက်မကွဲပါဘု
အတူလက်ယှက်တွဲပါလို့
အသည်းအသက်ပမာ ပြည်ထောင်စုကိုလာ့
မခွဲရက်ပါ ညီနောင်တစ်စုရယ်တို့
အမြဲဆက်ကာ တည်အောင်ပြုမယ်ကွယ်
ရာစုထောင်သောင်း။ ။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးဖွဲ့ပါသည်။

မြန်မာတိုကီဝါကျောင်းသုံးခဲတံများ ဖြန့်ဖြူးရောင်းချရေးသဘောတူစာချုပ်လက်မှတ်ထိုး

ရန်ကုန် ဖေဖော်ဝါရီ ၉

အခြေခံပညာ ကျောင်းသားကျောင်းသူများအသုံးပြုရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့် မြန်မာတိုကီဝါကော်ပိုရေးရှင်းလီမိတက်တို့၏ မြန်မာတိုကီဝါကျောင်းသုံးစာရေးခဲတံများနှင့် ရောင်စုံခဲတံများ ဖြန့်ဖြူးရောင်းချရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉နာရီက ရန်ကုန်မြို့ရှိ အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်)အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစီအစဉ်အရ ပညာရေးဝန်ကြီးဌာနကိုယ်စား ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် မြန်မာတိုကီဝါကော်ပိုရေးရှင်းလီမိတက်ကိုယ်စား Managing Director Mr. Fumiyoshi Sakurai တို့က မြန်မာ တိုကီဝါကျောင်းသုံးခဲတံများနှင့် ရောင်စုံ ခဲတံများဖြန့်ဖြူးရောင်းချရေး သဘောတူ စာချုပ်တွင် လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။ **(အောက်ပုံ)**

မြန်မာတိုကီဝါကော်ပိုရေးရှင်းလီမိတက်သည် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း၍ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိပြီး ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းကာ အရည်အသွေးမြင့်မားသည့် ကျောင်းသုံးခဲတံများနှင့် အဆင့်မြင့်ရောင်စုံခဲတံများကို ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် လုံလောက်စွာဖြန့်ဖြူး ရောင်းချသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဘုရားဖြူဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်မြို့လုံးဆိုင်ရာဝိနယာနုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသော (၇၂)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲ ဆုနှင်းသဘင် အကြိုတရားပွဲများအဖြစ် ဖေဖော်ဝါရီ ၁၂ရက်(ကြာသပတေးနေ့) တွင် ငွေတောင်အရှင်ဝိသုဒ္ဓ (တောင်ကြီး)ကလည်းကောင်း၊ ၁၄ရက်(စနေနေ့)တွင် ကျောက်ပန်းတောင်း ဦးကုမာရ(မဟာစည်)က လည်းကောင်း၊ ၁၅ရက် (တနင်္ဂနွေနေ့)တွင် ဓမ္မဒူတအရှင်ဆေကိန္ဒကလည်းကောင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်အတွင်း ညစဉ်တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က–ပ)**

နိဗ္ဗာန်လမ်းပြ တရားချီးမြှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက(ဓမ္မကထိကဗဟုဇနဟိတဓရ) ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဖေဖော်ဝါရီ ၁၁ ရက် ညတွင် အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက် ဆင်မင်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်တွင် လည်းကောင်း၊ ၁၂ရက်ညတွင် ရွှေပြည်သာမြို့နယ်(၃)ရပ်ကွက်တွင်လည်းကောင်း၊ ၁၅ ရက် ညတွင် သုဝဏ္ဏမြို့နယ် (၂၅)ရပ်ကွက် စိန်ပန်းမြိုင်လမ်းတွင်လည်းကောင်း၊ ၁၆၊ ၁၇၊ ၁၈ ရက် ညများတွင် ဖျာပုံမြို့နယ် ဒေါ်ငြိမ်းကျေးရွာတွင်လည်းကောင်း နိဗ္ဗာန်လမ်းပြ တရားတော်များဟောကြားမည်ဟု သိရသည်။ **(က–ပ)**

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။	အထွေထွေမန်နေဂျာ	ဘွဲ့ရ	ကျား	(၁)ဦး
၂။	Junior Officer	ဘွဲ့ရ	ကျား	(၂)ဦး
၃။	စာရင်းကိုင်	ဘွဲ့ရ	ကျား/မ	(၅)ဦး
၄။	ပစ္စည်းထိန်း	ဘွဲ့ရ	ကျား/မ	(၂)ဦး
၅။	Regional Sales Manager	ဘွဲ့ရ	ကျား	(၅)ဦး
၆။	Sales Supervisor	ဘွဲ့ရ	ကျား	(၃)ဦး
၇။	Sales Representative	ဘွဲ့ရ/ဆယ်တန်းအောင်	ကျား	(၁၀)ဦး

အမှတ်စဉ်(၁) ရာထူးအတွက် ဘွဲ့ရ၊ အသက်(၄၀)မှ (၅၀)အတွင်း စီမံရေးနှင့် အုပ်ချုပ်မှုအား ကျွမ်းကျင်စွာကိုင်တွယ်တာဝန်ယူနိုင်ရမည်။ MBAဘွဲ့ရထားသူများအား ဦးစားပေးရွေးချယ်မည်။

အမှတ်စဉ်(၂) ရာထူးအတွက် ဘွဲ့ရ အသက်(၂၅)နှစ်မှ (၃၅)နှစ်အတွင်း Fax,E-mail, Internet, Computerize Accounting Software ကျွမ်းကျင်ရမည်။ အိမ်ထောင်မရှိသူဖြစ်ရမည်။

အမှတ်စဉ်(၃) ရာထူးအတွက် အသက်(၂၅)နှစ်မှ(၄၅)နှစ်အတွင်း B.Com:(CPA),B.com, B.E.com,DA, LCCI Level III အောင်မြင်ပြီးသူ စာရင်းကိုင်အတွေ့အကြုံ အနည်းဆုံး(၃)နှစ် Computerize Accounting Software အသုံးပြုရေးဆွဲနိုင်သူဖြစ်ရမည်။

အမှတ်စဉ်(၄) ရာထူးအတွက် ဘွဲ့ရ၊ စတိုလုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။

အမှတ်စဉ်(၅) ရာထူးအတွက် ဘွဲ့ရ၊ အသက်(၂၅)နှစ်မှ (၄၀)အတွင်း ယာဉ်မောင်းလိုင်စင်ရှိပြီး ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။ နယ်ခရီးထွက်နိုင်ရမည်။ စီမံခန့်ခွဲမှုအတွေ့အကြုံနှင့် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ် ရှိရမည်။

အမှတ်စဉ်(၆) ရာထူးအတွက် ဘွဲ့ရ၊ ယာဉ်မောင်းလိုင်စင်ရှိပြီး ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ နယ်ခရီးထွက်နိုင်ရမည်။ စားသောက်ကုန်လုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံ(၃)နှစ်ရှိရမည်။

အမှတ်စဉ်(၇) ရာထူးအတွက် ဘွဲ့ရ/(၁၀)တန်းအောင်၊ ယာဉ်မောင်းလိုင်စင်ရှိပြီး ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်၊နယ်ခရီးထွက်နိုင်ရမည်၊စားသောက်ကုန်လုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံ (၁)နှစ်ရှိရမည်။

လျှောက်ထားသူသည် တစ်လအတွင်းရိုက်ထားသော ဓာတ်ပုံ(နှစ်)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။ ရွေးချယ်ခြင်းမခံရသော လျှောက်လွှာများအား ပြန်လည်ထုတ်ပေးမည် မဟုတ်ပါ။

A.H.K Product Co.,Ltd.

အမှတ် ၂၀၄၊ ဓမ္မသုခကျောင်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၁–၇၀၁၅၆၈၊ ၅၃၈၀၉၆၊ ၅၃၈၁၉၁။

အထက(၁)တာမွေ အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၉

၁၉၇၅ခုနှစ်မှ ၁၉၈၆ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက်(၅၀)ကျော် ဆရာဆရာမများအား ကန်တော့ကြမည့် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) မွန်းလွဲ၁နာရီတွင် အထက(၁) တာမွေ ပင်လုံခန်းမ၌ ကျင်းပရန်စီစဉ်ထားသည်။

မည်သည့်ခုနှစ် ကျောင်းသူကျောင်းသားဟောင်းမဆို တက်ရောက်နိုင်ကြပြီး ဒေါ်တင်တင်စိုး ဖုန်း–၇၂၆၆၅၆၊ ကိုစန်းမြင့် ဖုန်း–၀၉–၈၀–၃၄၉၈၂၊ ဒေါ်တိုးတိုးခိုင်၊ ဒေါ်မြတ်မြတ်ခိုင် ဖုန်း–၅၄၀၃၄၂၊ ဗိုလ်ကြီးသန့်ဇော်ဝင်း ဖုန်း–၅၅၇၃၆၄၊ မနီနီလေးမြင့်၊ ကိုလွင်ဦး ဖုန်း–၅၇၇၁၃၉၊ ကိုဖြိုးစည်လွင်ဖုန်း–၀၉–၅၀–၀၈၃၉၈တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(က–ပ)**

အမှတ်(၂၄)ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်းနှင့် ပတ်သက်၍ အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ လသာလမ်း၊ အမှတ် ၁၄၈နေ ဒေါ်ခင်ခင်ချို [၁၂/လသန(နိုင်)၀၁၆၂၀၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂(B)၊ မြေကွက်အမှတ် ၄၉၄(A^5)၊ မြေပိုင်မြေ၊ ၁၁သမ၂၀၈ ဧက မြေကွက်နှင့် မြေပေါ်ရှိ အမှတ် ၂၄၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း (ဆရာခိုလမ်း)၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်ရှိမြေနှင့် အဆောက်အအုံကို ကျွန်ုပ်အမှုသည်ဖြစ်သူ၏ ယောက္ခမ ဦးချန်ခေးဂွမ်(ခ)ဦးမီးခဲ (အမျိုးသားမှတ်ပုံတင်အမှတ် AD-034074)အပါအဝင် ညီအစ်ကို ခြောက်ဦးတို့က ၇–၁၂–၁၉၃၇ ရက်က မှတ်ပုံတင်စာချုပ်ဖြင့် အမည်ပေါက်ပူးတွဲပိုင်ဆိုင်ခဲ့ကြပါသည်။ ဦးချန်ခေးဂွမ်မှအပ ကျန်ညီအစ်ကိုများသည် ပြည်ပ၌ ကွယ်လွန်သွားပြီဖြစ်ရာ(၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းမှုကို ကန့်သတ်သည့် ဥပဒေပြဋ္ဌာန်းခြင်း မပြုရသေးသဖြင့် ယင်းအချိန်တွင် အတည်ဖြစ်လျက်ရှိသော ၁၉၄၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းမှုကို ကန့်သတ်သည့်ဥပဒေပုဒ်မ(၃)၏ခြွင်းချက်(၁၉၅၂ ခုနှစ် ပြင်ဆင်ချက်ဥပဒေအမှတ် ၁၇)အရ လည်းကောင်း၊ မြန်မာနိုင်ငံသားလက်မှတ်ကိုင်ဆောင်သူအဖြစ်လည်းကောင်း ဦးချန်ခေးဂွမ်(ခ)ဦးမီးခဲသည်သာ အမွေဆက်ခံခွင့်ရရှိခဲ့သူဖြစ်ခဲ့ပါသည်။

ယခုအခါ ကျွန်ုပ်အမှုသည်၏ ယောက္ခမ ဦးချန်ခေးဂွမ်နှင့် ခင်ပွန်းဖြစ်သူ ဦးအောင်သန်းတို့သည် ကွယ်လွန်သွားကြပြီဖြစ်၍ အထက်ပါမြေနှင့်အိမ်အား ကျွန်ုပ်အမှုသည် ဒေါ်ခင်ခင်ချိုတစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါသည်။

သို့ပါ၍ အထက်ပါအိမ်နှင့် ခြံမြေအား တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးကမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ကျူးကျော်နေထိုင်ခြင်း စသည်များ မပြုလုပ်ကြရန် အသိပေးတားမြစ်အပ်ပါသည်။ အကယ်၍ တားမြစ်မှုများကို ကျူးလွန်လာပါက ကျူးလွန်လာသူများကို တည်ဆဲတရားဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ဥမ္မာသျှား B.A(Law), LL.B
တရားရုံးချုပ်ရှေ့နေ
တိုက်အမှတ်(၆၇–စီ)၊ အခန်း(၆–ဒီ)၊
ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ယုဇနကွန်ဒို၊
ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း–၅၅၈၂၃၆။

ဖဒိုတွင်စာပေဟောပြောပွဲနှင့်စာပေရန်ပုံငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၉

စာပေဟောပြောပွဲနှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)သို့ စာပေရန်ပုံငွေ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၇ရက်တွင် ကျောက်တံခါးမြို့နယ် ဖဒိုကျေးရွာရှိအမှတ် ၉၁ သစ်စက် စက်ရုံဝင်းအတွင်း ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးစောအဲဒို၊ စက်ရုံမှူး ဦးအောင်သိန်းနှင့် စာပေဝါသနာရှင်များ၊ စက်ရုံဝန်ထမ်း များ စုစုပေါင်းအင်အား ၇၀၀ခန့် တက်ရောက်ကြပြီး ကျေးရွာဥက္ကဋ္ဌနှင့် စက်ရုံမှူးတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)သို့ ရန်ပုံငွေကျပ် ၅၀၀၀၀ကို စက်ရုံမှူး ဦးအောင်သိန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင် ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က လက်ခံရယူသည်။ ယင်းနောက် စာရေးဆရာများဖြစ်ကြသော မြင်းမူမောင်နိုင်မိုး၊ ကြူကြူသင်း၊ မစန္ဒာနှင့် လယ်တွင်းသားစောချစ်တို့က စာပေရေးရာများ ဟောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မျက်စိအထူးကုဆရာဝန်များ အခမဲ့စမ်းသပ်ကုသပေး

ရန်ကုန် ဖေဖော်ဝါရီ ၉

ဗဟန်းမြို့နယ် ကျန်းမာရေးကော်မတီနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်ရှိ အသက်(၅၀)နှစ်အထက်ရှိ သက်ကြီးဘိုးဘွား ၆၂ ဦးအား မျက်စိအထူးကုဆရာဝန်ကြီးဒေါက်တာဒေါ်သောင်းသောင်းဆိုင်နှင့် ဒေါက်တာဒေါ်လှမာလာတို့က အခမဲ့မျက်စိ စမ်းသပ်ကုသပေးခြင်းကို ဖေဖော်ဝါရီ ၇ ရက် နံနက်က အမက (၄)၌ ပြုလုပ်ရာ အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးမင်းနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့က ဝိုင်းဝန်း ပံ့ပိုးကူညီ ပေးကြကြောင်း သိရသည်။ **(က–ပ)**

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နတ်မောက်မြို့၌ မော်တော်ယာဉ်လိုင်းသစ်ဖွင့်

နတ်မောက် ဖေဖော်ဝါရီ ၃

နတ်မောက်မြို့ မြို့သစ်မြို့၊ တောင်တွင်းကြီးမြို့သို့သွားသည့် မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ရက်က ရန်အောင်မြင်ကားဂိတ်၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ဖွင့်လှစ်ပေးသည်။

ယင်းနတ်မောက် မြို့သစ်၊ တောင်တွင်းကြီး ကားလမ်းမှာ နှစ်ပေါင်း ၄၀ ခန့်က မသွားလာနိုင်ခဲ့သော လမ်းဖြစ်ကြောင်း သိရသည်။ **(၁၅၆)**

ကရင်ပြည်နယ် သံတောင် မြို့ အထက၌ နိုင်ငံသား အရည်အချင်း ပြည့်မီသူ ကျောင်း သား ကျောင်းသူများအား နိုင်ငံသား စိစစ်ရေး ကတ်ပြားများ ပေးအပ်ပွဲကိုဇန်နဝါရီ၂၉ ရက်က ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဘားအံခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောထွန်းလှမြိုင်က ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်မူးဒီဇေးကြီးအား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (၁၀၃)

မြင်းခြံခရိုင်ဥက္ကဋ္ဌ မြို့ပတ်လမ်းတိုးချဲ့မှုကြည့်ရှု

မြင်းခြံ ဇန်နဝါရီ ၂၈

မန္တလေးတိုင်း မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်သည် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အတူ ဇန်နဝါရီ ၃ ရက်က မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်သည့် ပြည်သာယာ မြေသားလမ်းဖွင့်ပွဲသို့ တက်ရောက်သည်။

ထို့နောက် မြင်းခြံမြို့ စက်မှုဇုန်အတွင်းရှိ လမ်းသွယ် လမ်းမကြီးများ ကျောက်ချောလမ်းခင်းရန် ကွင်းဆင်းစစ်ဆေးပြီး စက်မှုဇုန်တွင် မြေလတ်ဂျစ်ကားထုတ်လုပ်ရေးလုပ်ငန်းခွင်ကို သွားရောက်စစ်ဆေးသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်သည် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့် မြို့တွင်းလမ်းများ ပြုပြင်နေသည့်အခြေအနေများ၊ မြို့သာယာလှပရေး သန့်ရှင်းရေးဆောင်ရွက်ရန်နှင့် မြို့ပတ်လမ်းတိုးချဲ့ပြုပြင်ရန် အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(၄၀၂)**

မော်လမြိုင်ကျွန်းမြို့နယ် မသောကျေးရွာအုပ်စု ပါရမီကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက်က ကွမ်းချောင်းကြီး ကျေးရွာ၌ ကျင်းပရာ မြို့နယ် သတင်းမီဒီယာကော်မတီဝင် ဦးမြင့်အောင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးတာဝန်ခံ ဦးစီး ဒေါ်နော်မာဂရက်နှင့်ကျေးရွာဥက္ကဋ္ဌဦးအောင်မြင့်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။(၀၉၇)

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ပြည်နယ် အမှုဆောင်အရာရှိ ဦးသက်နှင်းဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၇ ရက်က ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေးကြစဉ်။ (က-ပ)

ပြည်မြို့၌ ရိုးရာလှေပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ပြည် ဖေဖော်ဝါရီ ၁

ပဲခူးတိုင်း အနောက်ပိုင်း ပြည်မြို့နဝင်းနယ်မြေတောင်ပိုင်း ဧရာဝတီမြစ်အတွင်း၌ ကျင်းပသော (၂၅)ကြိမ်မြောက် ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်ကြီး၏ ဖောင်တော်ရေမျောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက်က ကျင်းပရာ ပူးတွဲဗိုလ်စွဲသည့် လှေလှော်အသင်း နှစ်သင်းအား နယ်မြေဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ကျင်းပရေးကော်မတီနာယက ဦးအုန်းလွင်တို့က ဆုတံဆိပ်များနှင့် ငွေကျပ် ၅၀၀၀၀ ကို ချီးမြှင့်ပေးကြကြောင်း သိရသည်။ **(အောက်ပုံ) (၁၉၉)**

တောင်တွင်းကြီး၌ ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်

တောင်တွင်းကြီး ဖေဖော်ဝါရီ ၇

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးလက်ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အောင်သုခကျေးရွာနှင့် ညောင်ဝန်းကျေးရွာတို့ ဆက်သွယ်သော အရှည်ပေ ၆၀၀၀ ရှိ ကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

အဆိုပါ ကျောက်ချောလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် ညောင်ဝန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ကျောက်ချောလမ်းသစ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၅၂ ဒသမ ၇ သိန်း၊ ကျေးလက်ပြည်သူများက ထည့်ဝင်ငွေကျပ် သိန်း ၄၀ စုစုပေါင်း ကျပ် ၉၂ ဒသမ ၇ သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အင်္ဂပူ အထက အာစရိယပူဇော် ဘိုးဘွားရိပ်သာ ငွေပဒေသာပင်လှူဒါန်း

အင်္ဂပူ ဖေဖော်ဝါရီ ၂

နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အထက အင်္ဂပူ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပရာ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် အခြေခံပညာ အထက်တန်းတွင် ထူးချွန်အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ ကျောင်းသားဟောင်းများကိုယ်စား ဒေါက်တာအေးမြတ်လွင်၊ ကျောင်းအုပ်ကြီး ဦးအောင်မင်းနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။ **(ယာပုံ)**

ထို့နောက် ကြွရောက်လာသော ဆရာ ဆရာမကြီးများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြရာ ဆရာ ဆရာမများကိုယ်စား ဆရာမကြီး ဒေါ်စန်းမြင့်က ဆုံးမသြဝါဒစကား ပြန်လည်ပြောကြားသည်။

ထို့နောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ကိုယ်စား ဦးမြင့်အောင်က ငွေကျပ် တစ်သိန်းကို ဦးတင်ဦး ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းရာ ဘိုးဘွားရိပ်သာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးညွှန့်ဝင်းက လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

လင်းရောင်ခြည်စာကြည့်တိုက်ဖွင့်

မြိုင် ဖေဖော်ဝါရီ ၁

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပခုက္ကူခရိုင် မြိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကွန်လပ်ကျေးရွာတို့ ပူးပေါင်းဖွင့်လှစ်သည့် ကိုယ့်အားကိုယ်ကိုး "လင်းရောင်ခြည်"စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၁၉ ရက်က အဆိုပါ စာကြည့်တိုက်တွင် ကျင်းပသည်။

ကျေးဇူးတင်စကား

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစောမြင့်ခိုင်နှင့် ဦးဖိုးခွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက စာကြည့်တိုက်ဖွင့်ရခြင်းဆိုင်ရာများ ဟောပြောကြပြီး ကျေးရွာဥက္ကဋ္ဌ ဦးထွန်းကြိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

လှူဒါန်း

ထို့နောက် မုံရွာမြို့နေ ဦးသန့်ဇင်က စာအုပ် ၅၀ နှင့် ကျေးရွာ အလှူရှင်များက လှူဒါန်းသော စာအုပ်များကို အလှူရှင်များကိုယ်စား ဦးအောင်ရွှေက လှူဒါန်းရာ စာကြည့်တိုက် ဥက္ကဋ္ဌ ဦးစိုးမြင့်က လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကလေးအလှအဝပြိုင်ပွဲ စံပြမိခင်ဆုပေး

ကောလင်း ဇန်နဝါရီ ၂၈

ကောလင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကလေးအလှအဝပြိုင်ပွဲနှင့် စံပြ မိခင်ဆုပေးပွဲကို ဇန်နဝါရီ၄ရက်က ကောလင်းမြို့ ရွှေမော်ကွန်း အားကစားခန်းမတွင် ကျင်းပသည်။

ထို့နောက် ပြိုင်ပွဲတွင် အသင်းနာယက ဒေါ်ရီရီက အမှာစကားပြောကြားပြီး ကလေး အလှအဝပြိုင်ပွဲနှင့် စံပြ မိခင်ပြိုင်ပွဲ ဆုရသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။ **(၀၂၆)**

တွန်းဇံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် ဝန်ထမ်းများ ဇန်နဝါရီ၂၃ ရက်က လွတ်လပ်ရေးပန်းခြံတွင် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

သောက်သုံးရေကန်ဖွင့်

ဇန်နဝါရီ ၄ ရက်က ဖွင့်လှစ်သော စစ်တွေမြို့နယ် သုံးဆောင်ကျေးရွာ ကျေးလက် သောက်သုံးရေကန်ဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသာနုနှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးမြစိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ဇန်နဝါရီ၂၅ရက်က ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် အထက(၂) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မှ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မတင်လေးဝေအား ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်က ဆုချီးမြှင့်စဉ်။ (က–ပ)

အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်းအနာကြီးရောဂါကင်းဝေးရေးအထိမ်းအမှတ်နေ့အခမ်းအနားကို ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၆ရက် မွန်းလွဲ ၂နာရီက ကျင်းပရာ ရန်ကုန်တိုင်းကျန်းမာရေးကော်မတီဝင် တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးလှမြင့်က ကျန်းမာရေးဝန်ကြီးထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ရန်ကုန်တိုင်းအနာကြီးရောဂါတိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာကျော်မြင့်က ရန်ကုန်တိုင်းအတွင်းအနာကြီးရောဂါကင်းဝေးရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများ တင်ပြဆွေးနွေးသည်။

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေ၊ အနာကြီးရောဂါတိုက်ဖျက်ရေး စီမံကိန်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အမျိုးသားအကြံပေးပုဂ္ဂိုလ်ဒေါက်တာဦးကျော်လွင်နှင့် ဒေါက်တာဦးတင်မြင့်၊ တိုင်းကျန်းမာရေးကော်မတီဝင်များ၊ အနာကြီးရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင်ဆရာဝန်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများတက်ရောက်ကြကြောင်း သိရသည်။ **(က–ပ)**

ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် ရွှေပြည်ဟိန်း ကျန်းမာရေးယာဉ် အလှူအသင်းအတွက် အလှူတော်ငွေကျပ် ငါးသောင်းကို ဖေဖော်ဝါရီ ၆ ရက်က ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရထံ ဦးဇော်ဝင်းအောင်–ဒေါ်ဦးဦးမြ သား ကိုချမ်းငြိမ်းဇော် ဇောဓိရိပ်သာ သံလွင်လမ်း ဗဟန်းမြို့နယ်က လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၁၁၅)

အထက(၃)ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၉

အထက(၃)ကြည့်မြင်တိုင်တွင် ၁၉၆၅မှ ၁၉၉၅အထိ ပညာသင်ကြားပေးခဲ့ပြီး အငြိမ်းစားယူသွားသော ဆရာ ဆရာမကြီးများနှင့် အသက် ၅၅နှစ်နှင့်အထက်ဆရာ ဆရာမကြီးတို့အား တပည့်ဟောင်းများက ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ရက် (တောင်သူလယ်သမားနေ့)နံနက် ၉နာရီတွင် ကျောင်းဝင်းအတွင်း ခန်းမကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ထားသည်။

ကျောင်းသားကျောင်းသူ အားလုံး တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဆရာမ ဒေါ်ခင်လေးမာ ဖုန်း–၇၀၇၃၄၇၊ ဆရာမဒေါ်ဝေဝေမြိုင် ဖုန်း–၆၄၃၅၃၉၊ ဆရာမ ဒေါ်နော်စီးလာ ဖုန်း–၂၂၀၃၈၀၊ ဦးဝင်းမြင့်(သီဟသုဓမ္မမဏိဇောတဓရ) ဖုန်း–၀၉ ၅၀ ၂၂၉၂၉၊ ဦးအောင်ကျော်ဦး (အောင်သရဖူ) ဖုန်း–၀၉ ၅၀ ၁၄၂၆၄၊ ဦးသိန်းဝင်း (စက်ရုံမှူး၊ သရေစက်ရုံ)ဖုန်း–၅၃၈၆၉၈၊ ၅၃၈၇၀၁၊ ဦးချာလီမောင်(မင်္ဂလာဈေး)ဖုန်း–၅၂၅၂၆၅၊ ဦးစိုးဝင်း(ဆန်နီ)ဖုန်း–၀၉–၉၉၂၄၆၇၁၊ ဒေါက်တာ အောင်သူ ဖုန်း–၇၂၈၂၁၁၊ ဦးခင်မောင်လှ ဖုန်း–၀၉ ၈၀ ၂၃၅၇၉၊ ဗိုလ်ကြီးခင်မောင်သန်း(ငြိမ်း) ဖုန်း–၀၉ ၈၀ ၂၄၀၆၃၊ ၇၀၀၃၁၆၊ ဦးကျော်မင်း(KM Language Centre)ဖုန်း–၂၂၁၁၆၀တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

ဗုဒ္ဓပူဇနိယဓမ္မသဘင် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့ ဗုဒ္ဓလမ်းစဉ်အဖွဲ့က အောင်မြေလောကကြေးသွန်းဘုရားအား အနှစ်(၁၀၀) ဗုဒ္ဓပူဇနိယ ဓမ္မသဘင် ကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက် အထိ ညစဉ် ၇ နာရီတွင် စတင် ကျင်းပမည်ဖြစ်သည်။ ၂၀ ရက် ပထမ ည၌ သွန်းဘုရားကြီးသြဝါဒါစရိယ မန္တလေးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တရေဝတ(ဓမ္မာစရိယ) က သြဝါဒချီးမြှင့်ပြီး ယင်းနေ့တွင် သဒ္ဓမ္မရံသီ ဆရာတော် မဟာစည်နာယကဘဒ္ဒန္တကုဏ္ဍလာဘိဝံသ (အဂ္ဂမဟာကမ္မ ဋ္ဌာနာစရိယ)၊ ၂၁ ရက်တွင် ငါးသိုင်းချောင်း ဆရာတော်ဘဒ္ဒန္တသုစိတ္တာသာရ (သိရီပဝရဓမ္မာစရိယ၊ ဒီဃနိကာယ ကောဝိဒ)၊ ၂၂ ရက်တွင် သုံးခွမြို့ ကျောင်းသစ်ကျောင်းတိုက် ဒုတိယ နာယကဆရာတော် အရှင်ကေသရ (ဓမ္မာစရိယ)၊ ၂၃ ရက်တွင် သရက်တော အောင်စကြာဆရာတော်ဘဒ္ဒန္တစန္ဒသူရိယ(ဓမ္မကထိက၊ ဗဟုဇနဟိတဓရ)၊ ၂၄ရက်တွင် သီတဂူ ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က–ပ)**

လုပ်သားများကောလိပ် မြန်မာစာမိသားစု အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

လုပ်သားများကောလိပ် မြန်မာစာ မိသားစု အာစရိယ ပူဇော်ပွဲကို မတ် ၂၇ ရက် မွန်းလွဲ ၂ နာရီ၌ တက္ကသိုလ်များ ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ လုပ်သားများကောလိပ် ကျောင်းသားကျောင်းသူဟောင်းများ အနေဖြင့် တက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုသူများသည် ဆရာဦးထွန်းအေး ၁၆ ထီးတန်း ၅လမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ဆရာမ ဒေါ်မာလာ ဖုန်း–၃၇၆၂၅၆၊ ဒေါ်ခင်မြတ်သွယ် ဖုန်း–၅၇၈၅၁၄၊ ဦးမင်းမော်သန့် ဖုန်း–၅၉၂၁၁၉၊ ဒဂုံတက္ကသိုလ် လ/ထ မော်ကွန်းထိန်း ဦးညိုထွန်း ဖုန်း–၅၈၀၉၃၇၊ ဒေါ်နီလာဘာရာဒွာဂျာ ဖုန်း – ၂၉၀၅၈၃၊ ၂၄၁၉၃၉၊ ကိုနေမျိုးအေး ဖုန်း–၇၀၉၇၆၆၊ မသိန်းသူဇာဖုန်း – ၅၃၅၇၆၁၊ ကိုရွှေမိုး ဖုန်း–၇၂၆၁၁၇၊ ကိုကိုလွင်ဖုန်း–၅၆၆၉၃၃၊ ကိုစိုးဝင်းဖုန်း–၃၇၄၉၄၃၊ ကိုညီညီလွင် ဖုန်း–၂၅၆၁၆၃၊ ကိုအောင်နိုင် ဖုန်း–၃၇၇၉၆၈၊ ဒေါ်ကြည်ကြည်ဆင့် ဖုန်း–၅၂၄၀၁၉၊ မခိုင်ခိုင်ဇော် ဖုန်း–၀၉–၅၀၀–၇၆၀၈၊ ၅၄၄၁၉၅၊ ကိုမြင့်နိုင် ဖုန်း–၂၉၁၀၇၁၊ မသက်သက်မြင့်ဖုန်း–၅၅၈၉၇၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ရွှေပြည်သာ အမက(၆)(သံဒင်း) ၂၀၀၂–၂၀၀၃ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်သက်ဆွေက တတိယတန်းမှ သိပ္ပံထူးချွန် ပထမဆုရ မောင်အောင်မိုးဦးအား ဆုချီးမြှင့်စဉ်။ (၀၄၆)

အမက(၃) သင်္ဃန်းကျွန်းမြို့နယ် ၂၀၀၂–၂၀၀၃ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဘက်စုံပညာရည်ချွန်ဆု ပေးပွဲကို ဖေဖော်ဝါရီ ၁ ရက်က ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းအိက သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ဘက်စုံ ပထမထူးချွန်ဆုရ မအိသဉ္ဇာအောင်အား ဆုချီးမြှင့်စဉ်။ (၀၅၂)

ကျေးရွာချင်းဆက် မြေသားလမ်းပြုပြင်ရေးဆွေးနွေး

ကျုံပျော် ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်း ကျုံပျော်မြို့နယ်နှင့် ရေကြည်မြို့နယ်များသို့ ကျေးရွာချင်းဆက်သွယ်သောလမ်းအရှည် ၂၁/၂မိုင်၊ အကျယ် ပေ၅၀ရှိ ကျုံပျော်မြို့နယ် မှော်သေးကျေးရွာနှင့် ရေကြည်မြို့နယ် ကြာအင်းကျေးရွာများသို့ ဆက်သွယ်ထားသည့် မြေသားလမ်းပြုပြင်မှုလုပ်ငန်းများ စတင်ရန် ညှိနှိုင်းအစည်းအဝေးကို ကျုံပျော်မြို့ အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၇ ရက်က ကျင်းပသည်။

အစည်းအဝေးသို့ ကျုံပျော်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဦးလွင်နှင့်အဖွဲ့ဝင်များ၊ ရေကြည်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်နှင့်အဖွဲ့ဝင်များ၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ခံအမှုဆောင် အရာရှိများနှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ကျေးရွာအုပ်စု လေးအုပ်စုနှင့် ကျေးရွာ ၁၄ ရွာဆက်သွယ်ပေးပြီးနိုင်ငံတော်ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

အမှတ် ၉၆၁၊ သီဟသူလမ်း (၁၂)ရပ်ကွက် တောင်ဥက္ကလာပနေ ရုပ်ရှင်ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)–ဒေါ်သန်းသန်းဌေးတို့က နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ငွေကျပ်တစ်သိန်း ပေးအပ် လှူဒါန်းရာ Sharp ShowRoomတာဝန်ခံ ဒေါ်ချောချော ဟန်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က–ပ)

သေကိန်းဆိုက်တဲ့ည စာအုပ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၈

စာရေးဆရာအောင်သင်း ရေးသားသော "သေကိန်းဆိုက်တဲ့ည" စာအုပ်ကို ဇွန်ပွင့်စာအုပ်တိုက် အမှတ် ၇၇(ဒီ) ဓမ္မပါလလမ်း ရန်ကုန် ဖုန်း–၅၄၃၈၃၆ က ဖြန့်ချိကြောင်း သိရသည်။

(အပေါ်ပုံ)

(က–ပ)

ဖေဖော်ဝါရီ ၇ ရက်က တာမွေမြို့နယ် အမျိုးသမီး အားကစားအဖွဲ့က ကြီးမှူးကျင်းပ သည့် အခြေခံ ပညာ အ ထက် တန်း ကျောင်းပေါင်းစုံ အခြေခံ ဂျူဒို အားကစား သင်တန်း ဆင်းပွဲ အထိမ်း အမှတ် ပြိုင်ပွဲ အခမ်းအနားကို အထက (၄)

မြတ်ပန်းသဇင်ခန်းမတွင် ကျင်းပရာအသင်း လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော အထက(၂) အသင်းအား မြို့နယ်အမျိုးသမီးအားကစားအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နွယ် အေးက ဆုချီးမြှင့်စဉ်။ (က–ပ)

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ဆရာကြီး ဒူးရင်းသီးဦးစိုးမြင့်အား ၄-၁-၂၀၀၄ (လွတ်လပ်ရေးနေ့) တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၄ ဖြင့် အမြင့်ဆုံး အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့ ချီးမြှင့်ခံရသည့်အတွက် အတိုင်းမသိဝမ်းမြောက်စွာ ဂုဏ်ယူမိပါကြောင်းနှင့် အနာဂတ်တွင်လည်း အသက်ရာကျော်ရှည်၍ ကျန်းမာပျော်ရွှင်စွာဖြင့် တိုင်းပြည်အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ပျော်ဘွယ် ရွှေလမင်းစက်နို့ဆီပိုင်ရှင်
ဦးသိန်းအောင်၊ ဒေါ်တင်တင်မိုးမိသားစုနှင့်
ညီအစ်ကိုမောင်နှမတစ်စု။

အမည်ပြောင်း

စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့နယ် သရောင်းရွာ အထက ကျောင်းနေ ဦးအောင်လွင်-ဒေါ်ချိုမာအေး တို့၏သား ဒုတိယတန်းမှ မောင်မြတ်ကိုကိုအား မောင်မင်းခန့်ကိုကိုဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

မောင်မင်းခန့်ကိုကို။



အမည်ပြောင်း

အဖ ဦးသန်းဦး၏ သား မောင်သော်ဒီဝေအား မွေးစာရင်းအရ **မင်းခန့်ဦး**ဟု ပြောင်းလဲ ခေါ်ပါရန်။

မိခင်အမည်မှန်

ကမာရွတ်မြို့နယ် T.T.C ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးကျောင်း စတုတ္ထတန်း (င)မှ မခိုင်ဝင်းသူ၏ မိခင်အမည်မှန်မှာ ဒေါ်စိုးမိုးအေး ဖြစ်ပါကြောင်း။

ဒေါ်စိုးမိုးအေး

ပန္နက်တော်တင်

မကွေးတိုင်း ဆင်ပေါင်ဝဲမြို့ ပြည်သူ့ဆေးရုံ ဓာတ်မှန်ဆောင် ဆောက်လုပ်ရေးအတွက်ပန္နက်တော်တင်မင်္ဂလာအခမ်းအနား ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ ဇန်နဝါရီ ၂၃ ရက်က ပန္နက်ရိုက်ပေးကြစဉ်။

(၃၈၅)

ဆုချီးမြှင့်

တပ်ကုန်း မြို့နယ် ဝွေးပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၂-၂၀၀၃ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲနှင့် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းနုက ထူးချွန်ကျောင်းသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။

(က-ပ)

အမှာစကား ပြောကြား

ဇန်နဝါရီ ၁၂ရက်က ညောင်ဦး ခရိုင်အသင်း ရုံးခန်းမ၌ ကျင်းပသော မြန်မာ့ ဖွံ့ ဖြိုးရေး လေ့လာမှု သင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး တေဇက သင်တန်းဖွင့် အမှာစကား ပြောကြားစဉ်။

(၃၀၀)

တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၂-၂၀၀၃ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၉ရက်က ပင်လုံခန်းမ၌ ကျင်းပရာ သတ္တမတန်း ပတ်လည် ပထမဆုနှင့် တန်းခွဲ ပထမဆုရ မသက်ထားဆွေအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ခင်စုက ဆုချီးမြှင့်စဉ်။

(က-ပ)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

တောင်ကြီးမြို့ ပထမတောင်ကျောင်းကြီးတိုက်တွင် ၃-၂-၂၀၀၄ရက်နေ့တွင်ကျင်းပခဲ့သော ကျွန်တော်-ကျွန်မ တို့၏မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက် နယ်ဘက်မှအရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးများ၊ ရပ်နီး ရပ်ဝေးမှ နှစ်ဖက်သော မိတ်သင်္ဂဟများ၊ မင်္ဂလာညှော်ခံပွဲ တွင် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးဥပကာရတင်ရှိပါ သည်။

မင်္ဂလာဆွမ်းကပ်တရားနာပြီး ညှော်ခံပွဲခန်းမတွင် သတို့သားနှင့်သတို့သမီးမှ အချိန်ပြည့်ညှော်ဝတ်မပြုလိုက် နိုင်သည်ကို နားလည်ခွင့်လွှတ်ပေးပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ငွေးမောင်-မနန်းယုယုမော်

ကြော်ငြာစာ

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃
ရန်ကုန်တိုင်းတရားရုံး၌
၂၀၀၄ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၂၀

ကွယ်လွန်သူ H.A.H Bindaneem(ခ)ဦးဘိုးသာ၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

ရန်ကုန်မြို့၌ နေထိုင်ခဲ့သော ကွယ်လွန်သူ H.A.H Bindaneem (ခ)ဦးဘိုးသာ၏ ကျန်ရှိရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးဘမောင် (ခ)ဘီအိတ်ချ်ဘင်ဒါနိမ်းက အမွေ ဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက် (၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၆ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ H.A.H Bindaneem(ခ) ဦးဘိုးသာ၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုး စီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန်သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက် (၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၆ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့် ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦး အားဖြင့်သော်လည်းကောင်း လာရောက် ဆိုင်ဆိုနိုင်ရန်နှင့် အမွေထိန်းလက်မှတ် မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြား ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော လျှောက်ထားသူ ဦးဘမောင်(ခ)ဘီအိတ်ချ်ဘင်ဒါနိမ်း လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးညွန့်
တွဲဖက်တိုင်းတရားသူကြီး(၄)
ရန်ကုန်တိုင်းတရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၇၁၇

ဦးတင်မြင့်	**နှင့်**	**ဦးမင်းဟန်စိန် (ခ)ဖိုးခွား**
အမှတ် ၃၆/က၊ဖိုးစိန်လမ်း		**အခန်းအမှတ်-၅၀၅၊ ၅လွှာ**
နတ်မောက်ရပ်ကွက်		**ကန်တော်ကြီးတာဝါ**
တာမွေမြို့နယ်		**မအူကုန်းရပ်ကွက်**
		တာမွေမြို့နယ်
တရားလို		**တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဦးမင်းဟန်စိန် (ခ) ဖိုးခွား (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးတင်မြင့်က တရားလိုလက်ရှိထားသုံးစွဲနေသော အခန်းကိုမတရားအဓမ္မကျူးကျော်ဝင်ရောက်နေထိုင်သည့်အတွက် လက်မဲ့ဖြစ်သွား သဖြင့် လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ်ဖေဖော်ဝါရီ ၂၅ ရက်(၁၃၆၅ခုနှစ် တပေါင်းလဆန်း ၆ရက်)နေ့ နံနက် ၁၀ နာရီအချိန်တွင် တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့်အတူတစ်ပါတည်း ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ် ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နန်းညွန့်နွယ်
တွဲဖက်တိုင်းတရားသူကြီး (၇)
ရန်ကုန်တိုင်းတရားရုံး

ဝမ်းနည်းကြေကွဲခြင်း

ဝဏ္ဏကျော်ထင် ဒေါက်တာဦးဘခက်

အသက် (၉၆)နှစ်

လွှတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)

ဆရာဦးအေးလွင် (B.Sc)-ဒေါ်စန်းစန်းတင့် တို့၏ ဖခင် ဒေါက်တာ ဦးဘခက်(ခ) အဖူဇကရ်ခါန် ကွယ်လွန် သွားခြင်းအတွက် မိသားစုနှင့် ထပ်တူ ခံစားရပါကြောင်း။

ဦးမြင့်သိန်း-ဟာဂျီမ ဒေါ်ခင်စန်းလွင်။

မွေးနေ့ဆုမွန်လွှာ

၁၀-၂-၂၀၀၄ရက်တွင် ကျရောက်သော သားကြီး ဗိုလ်လောင်း စိုင်းမောင်မောင်သော် (စ)နှစ် (Mech)၊ တပ်မတော်နည်းပညာ တက္ကသိုလ်၏ (၂၁)နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် အသက်ထက်ဆုံး တိုင် ကျန်းမာချမ်းသာ စွာဖြင့် ထူးချွန်ထက်မြက် လိမ္မာယဉ်ကျေးသော သားလေးဖြစ်ပါစေ။

ဖေဖေ – ဦးစိုင်းဆမ်
မေမေ – ဒေါ်အေးအေးမင်း
သိဒ္ဓိစိန်ရတနာဆိုင်၊ စူပါဝေါလ် I၊
ဗိုလ်ချုပ်ဈေး၊ ရန်ကုန်
ညီမလေး – နန်းဆုမြတ်စန္ဒီ
ဒုတိယနှစ် စီးပွားရေးတက္ကသိုလ်၊ ရွာသာကြီး
ညီလေး – စိုင်းစစ်မိုးသော်
VII-D ရန်ကင်းပညာရေးကောလိပ်

ဗန်းမော်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

ဗန်းမော်အသင်း(ရန်ကုန်)၏ ၂၀၀၂-၂၀၀၃ခုနှစ် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်မှ ချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးရပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပွဲအပါအဝင် နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပါ၍ ရွှေကူ၊ မိုးမောက်၊ မန်စီ၊ လွယ်ဂျယ်၊ ဗန်းမော်မြို့နယ်တို့မှ ရန်ကုန်မြို့တွင် နေထိုင်ကြသည့် အသင်းဝင်များအား တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။(ဖိတ်စာများ သီးခြားမပေးပို့ပါ)

၁။ **အစည်းအဝေးကျင်းပမည့်နေ့နှင့်အချိန်** –
၁၄-၂-၂၀၀၄(စနေနေ့)နံနက် ၉နာရီမှ ၁၁နာရီ
၂။ **အစည်းအဝေးကျင်းပမည့်နေရာ** –
ဒဂုံမြို့နယ်၊ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊မြန်မာ့သစ်လုပ်ငန်းဓမ္မာရုံ
၃။ **ညှော်ခံကျွေးမွေးရေးအစီအစဉ်** –
ဗန်းမော်-မလိခူးမှုစ်ချဉ် ဆန်ခေါက်ဆွဲဖြင့် ကျွေးမွေးညှော်ခံပါမည်။





ဖခင်အမည်မှန်

အထက(၅)ဗိုလ်တထောင် စတုတ္ထတန်း(ဂ)တွင် ပညာသင်ကြားနေသော မောင်သံဇဉ်၏ ဖခင် အမည်မှန်မှာ ဦးစောဖြူဖြစ်ပါကြောင်း။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ ကြီးကြပ်ရေးမှူး(ဘွဲ့ရ) ကျား ၂ ဦး
မ ၂ ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထား၊ ရပ်ကွက်ထောက်ခံစာ တို့ကို အောက်ပါလိပ်စာအတိုင်း ပေးပို့ရမည်။ နယ်မဖြစ်ရမည်။

လိပ်စာ – အမှတ် ၅၁၉/၅၂၀၊ အဓိပတိလမ်းသွယ်(၁)၊ စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့
ဖုန်း – ၇၀၆၅၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀
ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်၌
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၈

ဒေါ်ချိုမာဝင်း(၎င်း၏အထူး	**နှင့်**	**ဦးညွန့်ဝေ (၎င်း၏အထူး**
ကိုယ်စားလှယ်စာရသူ-ဦးထိန်ဝင်း)		**ကိုယ်စားလှယ်စာရသူ- ဒေါ်မြစိန်)**
အမှတ်(၁၉)၊အောင်ဘောဂလမ်းသွယ်		**အမှတ်(၁၉)၊ အောင်ဘောဂလမ်းသွယ်၊**
အုတ်ကျင်းဘုတာရုံလမ်း၊(၁၃)ရပ်ကွက်		**အုတ်ကျင်းဘုတာရုံလမ်း၊**
လှိုင်မြို့နယ်၊ရန်ကုန်မြို့		**(၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
		ရန်ကုန်မြို့။
တရားလို		**တရားပြိုင်**

ဦးညွန့်ဝေ (၎င်းကိုယ်စားလှယ်စာရသူ ဒေါ်မြစိန် ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ အထက်အမည်ပါ တရားလိုကမြေနှင့် အဆောက်အအုံ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့မဟုတ် အမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ်ဖေဖော်ဝါရီ ၁၉ ရက်(၁၃၆၅ခုနှစ် တပို့တွဲလကွယ် ၁၄ ရက်)နေ့ နံနက်၁၀နာရီအချိန်တွင် အထက်အမည် ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည် မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင်သင်တို့ ကွယ်ရာတွင် ငြင်းချက်များကို ထုတ်နှုတ်၍ တစ်ဖက်သက် စစ်ဆေးစီရင်လိမ့်မည်။ ၎င်း အပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်တို့က ထုချေတင်ပြ အမှီပြု လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်တကွ ယူဆောင်လာရမည်။ သင်တို့ ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လာရောက် တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီက ၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ခင်ခင်လု (တ/၁၅၄၄)
B.A(Law)., LL.B
ဒုတိယခရိုင်တရားသူကြီး (၄)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး



ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးစိုးမြင့် (ဖျာပုံ)
အသက်(၈၆)နှစ်

ဖျာပုံမြို့နေ(ဦးထွန်း–ဒေါ်ပန်းအိ)တို့၏သားကြီး၊ (ဦးမောင်ကြီး–ဒေါ်သိန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၁၁၇၊တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်နေ (ဒေါ်မြမြကြီး)၏ခင်ပွန်း၊ (ဦးသိန်းလွင်)–ဒေါ်သီတာမြင့်၊ ပါမောက္ခ ဒုတိယဗိုလ်မှူးကြီးဥာဏ်ထိန်လင်း(အမှတ်–၂၊ တပ်မတော်ဆေးရုံ)–ဒေါက်တာစန္ဒာမြင့်၊ ကပ္ပတိန်မော်ဦးမြင့်(Lizstar Company)–ဒေါ်မို့မို့အောင်၊ ဦးကျော်ဦးမြင့်၊ ဦးမြင့်သိန်းထွန်း၊ ဒေါ်မာလာမြင့်တို့၏ဖခင်ကြီး၊ ဇင်နွယ်လင်း(M.Sc, Oxford)၊ သဥ္ဇာသိန်းလွင်(Final Part II, IM 1)၊ ဝေမာလင်း(3rd M.B, IM 1)၊ မေသူမြင့်(Final Yr. English)၊ မြင့်သူထွန်း(2nd M.B, IM°1)၊ မိုးဆက်မြင့်၊ စိုးပြေထွန်းတို့၏ဘိုးဘိုးကြီးသည် ၈–၂–၂၀၀၆ရက်(တနင်္ဂနွေနေ့) နံနက် ၈း၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂–၂–၂၀၀၆ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
ဒေါ်ငွေငွေခိုင် (ပဲခူး)

၅–၂–၂၀၀၆ရက်တွင် ကွယ်လွန်သွားသော ပဲခူးမြို့၊ သနပ်ပင်လမ်း၊ ဘုရားဈေးသစ်ရှေ့၊ အမှတ် ၅၇၃ နေ ဒေါ်ငွေငွေခိုင် မကျန်းမာစဉ်က ကုသပေးခဲ့ကြသော အထူးကုဆရာဝန်ကြီးများနှင့်ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ ဈာပနကိစ္စတွင် အဘက်ဘက်မှမေတ္တာဖြင့်ကူညီကြသော ဆရာသမားများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မိတ်ဆွေသူငယ်ချင်းများ၊ ရပ်ကွက်သူ ရပ်ကွက်သားများ၊ အနယ်နယ်အရပ်ရပ်မှ ဆက်သွယ်မှုအမျိုးမျိုးဖြင့် နှစ်သိမ့်အားပေးကြသော မိတ်ဆွေသင်္ဂဟများ၊ လှူဒါန်းဖွယ်ရာ ဝတ္ထုပစ္စည်းများပေးပို့ကြသော မိတ်သင်္ဂဟများ၊ လမ်းသူ့ပန်းခွေ ပန်းခြင်းပေးပို့ကြသူများနှင့်တကွ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးစံအုန်း (ကျိုက်မရောမြို့)
အသက်(၈၃)နှစ်

ကျိုက်မရောမြို့၊ရှင်စောပု(၂)ရပ်ကွက်နေ (ဦးကုလားလေး–ဒေါ်အုန်းတင်)တို့၏သားကြီး၊ ဒေါ်ဖြူ၏ခင်ပွန်း၊ ဒေါ်ခင်သန်းနွယ်(မီးမီး)–ဦးစိုးမြင့်ထွန်း၊ ဒေါက်တာမြင့်ရွှေ–ဒေါ်ကျင်ရီ၊ ဦးဝင်းမြင့်စံ – ဒေါ်စောမြတ်မွန် (မိငယ်)၊ ဒေါ်အေးအေးမြင့်–ဦးလှကို၊ ဦးနေမျိုးအောင်–ဒေါ်မူမူမြင့်တို့၏ဖခင်၊မြေး ၁၂ ယောက်၊မြစ်နှစ်ယောက်တို့၏အဘိုးသည် ၉–၂–၂၀၀၆ရက် (တနင်္လာနေ့) ညနေ ၅း၂၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၂–၂၀၀၆ရက် မွန်းလွဲ ၂ နာရီတွင် ကျိုက်မရောသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၅–၂–၂၀၀၆ရက်(တနင်္ဂနွေနေ့)နံနက် ၆ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန်။ ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ပန်းချီဆရာကြီး
ဟာဂျီဦးတင်လှ(ခ) ရှရစ်မာမက်
(တခြမ်းပဲ့ဗလီဥက္ကဋ္ဌဟောင်း)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၉၊ ၉၄ လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဦးဟာမက်ဆပ်)၊ [ဒေါ်ဇော်ရာဘီ(ခ)ဒေါ်သိန်းတင်]တို့၏ သားကြီး၊ [ဒေါ်တင်ဥ(ခ)ဟဝါဘီ]၏ ခင်ပွန်း၊ (ဦးမဂျစ်)–ဒေါ်ဝေါကြည်၊ ဟာဂျီ(ဦးဂနီ)–ဟာဂျီမဒေါ်ဖရီယမ်ဘီ၊ (ဦးဘလန်)–ဒေါ်ဓလီ၊ (ဦးကိုကိုကြီး)–ဒေါ်ခင်မြင့်၊ ဦးခင်လှ–ဒေါ်ခင်ဌေး၊ ဦးလှမြင့်–ဒေါ်နွဲ့နွဲ့ရီတို့၏အစ်ကိုကြီး၊ တူ တူမ ၃၅ ယောက်တို့၏ဦးလေးသည် ၉–၂–၂၀၀၆ရက် နံနက် ၁၀း၄၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ အစ္စရ်နမာအပြီး ရခိုင်ဂူမောဗလီမှ ရေဝေးကဘာရ်စတန်တွင် ဒါဖနာပြုလုပ်ပြီးပါကြောင်း သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်အမကြီး
ဒေါ်ညိုတင် (တောင်သာ)
(ဆီစက်ပိုင်)
အသက်(၇၀)

တောင်သာမြို့၊ အမှတ်(၆)ရပ်ကွက်နေ (ဦးကျော်စိန်–ဒေါ်ဖွားအေး)တို့၏ သမီး၊ (ဦးဖိုးမြစ်–ဒေါ်စက်ရီ)တို့၏သမီးချွေးမ၊ ဦးဟိန်း–ဒေါ်ညိုခင်၊ (ဦးသိန်းအောင်)–ဒေါ်လှလှ၊ (ဦးထွန်းအောင်ကျော်)–ဒေါ်သန်းတင်၊ ဦးသန်းမြင့်–ဒေါ်တင်စန်း၊ ဒေါ်ငွေ၊ ဦးကျော်မြင့်ဝေ–ဒေါ်ကျင်၊ ရန်ကုန်မြို့နေ (ဦးစောအောင်ဖြူ)–ဒေါ်လှလှမော်တို့၏ အစ်မကြီး၊ ဦးရာစိုး–ဒေါ်ခင်မြဝင်း၊ ကိုမြသိန်းထွန်းတို့၏မိခင်၊ (ဦးသန်းဝင်း)၏ ဇနီး၊ မသက်သက်မော်၏မိခင်သည် ၈–၂–၂၀၀၆ရက်(တနင်္ဂနွေနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀–၂–၂၀၀၆ရက် ညနေ ၃ နာရီတွင်တောင်သာမြို့ မြောက်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်အေးအေးသွင်
အသက်(၅၃)နှစ်

မန္တလေးမြို့၊ အကွက်(၄၄)၊ ဒေါနပွားရပ်ကွက်၊ နန်းတော်ရှေ့အောင်မြေသာစံမြို့နယ်၊ ရန်ကုန်မြို့၊ အမှတ် ၄၃၊ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်းမြို့နယ်နေ (ဦးကျင်ကြိုင်–ဒေါ်ကျင်စိန်)တို့၏သမီးငယ်၊ (ဦးတုန်စိန်–ဒေါ်ဒေါ်ရင်) တို့၏ သမီးချွေးမ၊ ဦးစိန်ဝင်း(ရွှေလရောင်ရေခဲစက်၊ ရွှေဥသြဂျုံစက်၊ မန္တလေး)တို့၏ ဇနီး၊ ဦးလင်း (ဥက္ကဋ္ဌ၊ ရသာချိုစက်မှုလုပ်ငန်းလီမိတက်)–(ဒေါ်နုနုစိန်)တို့၏ ညီမ၊ ဒေါက်တာဇော်အောင်–ဒေါ်သူဇာထွန်းတို့၏အစ်မ၊ မလဲ့ယုဝါ၏ မိခင်၊ ကိုဝေဖြိုးလင်း– မနွေဦးလွင်၊ မောင်သူဇော်၊ မောင်ခန့်ဇော်တို့၏ အဒေါ်သည် ၈–၂–၂၀၀၆ ရက် (တနင်္ဂနွေနေ့) နံနက် ၇း၂၀ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါ၍ ၁၀–၂– ၂၀၀၆ရက် (အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် မန္တလေးမြို့ ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

အမည်ပြောင်း

အဖ ဦးအောင်စိန်၏သမီး မြစ်ကြီးနားမြို့ အလက(၃) အဋ္ဌမတန်း(ခ)မှ မသီသီနှင်းအား ယနေ့မှစ၍ မရင်ဟွေဟု ပြောင်းလဲခေါ်ပါရန်။ မရင်ဟွေ။

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)
ဦးစံအုန်း (ကျိုက်မရောမြို့)
အသက်(၈၃)နှစ်

ရာသက်ပန်အသင်းဝင် ဦးနေမျိုးအောင်–ဒေါ်မူမူမြင့်တို့၏ဖခင် ဦးစံအုန်းသည် ၉–၂–၂၀၀၆ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀–၂–၂၀၀၆ရက် မွန်းလွဲ ၂ နာရီတွင် ကျိုက်မရောသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်မည် ဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးမြင့်သိန်း
ဦးစီးအရာရှိ၊ ပုံဆွဲ(ငြိမ်း)
အသက်(၆၀)

လှိုင်သာယာမြို့နယ်၊ တည်ဆောက်ရေး(၆)၊ ဆည်မြောင်းဝင်း၊ တိုက်(အေ)၊ အခန်း ၆ နေ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း ရာသက်ပန်အသင်းဝင်(၅၈၈)သည် ၇–၂–၂၀၀၆ရက်တွင် ကွယ်လွန်၍ ၉–၂–၂၀၀၆ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

တပ်ကြပ်ကြီး ရွှေခိုင်လင်း
(မြောက်ဦးမြို့)
အသက်(၃၈)နှစ်

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နေ ဦးမောင်တင်ကြီး–ဒေါ်မအေးဖြူတို့၏ သားလတ်၊ ဦးအောင်ထွန်းလှ–ဒေါ်မမေတို့၏သားသမက်၊ ဒေါ်မနှင်းမေ၏ ခင်ပွန်း၊ မမြတ်ချိုခိုင်လင်း၊ မသိမ့်ခိုင်ဖြိုးတို့၏ဖခင်၊ ဒေါ်မစောလှ၊ ဦးကျော်ရှိန်–ဒေါ်မြင့်မြင့်သိန်းတို့၏တူ၊ ဦးတင်ဦး–ဒေါ်ရွှေခိုင်ဝေ၊ ဦးဦးစောသာ–ဒေါ်ရွှေခိုင်သန်း၊ ဦးကျော်ကြီး–ဒေါ်ရွှေခိုင်အေး၊ ဦးသာထွန်းခိုင်–ဒေါ်ရွှေခိုင်စု၊ဒေါ်ရွှေခိုင်မြ၊ ဦးရွှေခိုင်ထွန်း–ဒေါ်လှလှကြည်၊ ဦးညီလှိုင်–ဒေါ်ရွှေခိုင်ညွန့်တို့၏ ညီ/မောင်၊ ဒေါ်ရွှေခိုင်ပြုံး၊ ဦးရွှေခိုင်ကျော်၊ ဦးရွှေခိုင်ငြိမ်း – ဒေါ်မေမြတ်ဦးတို့၏ အစ်ကို၊ တူ တူမ ၁၂ ယောက်တို့၏ ဦးလေးသည် ၄–၂–၂၀၀၆ရက် ညနေ ၄ နာရီတွင် စစ်တွေမြို့၌ကွယ်လွန်သွားပါ၍ ၆–၂–၂၀၀၆ရက်တွင် အာဂျိတ်တော်ကုန်းသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောတာမလာရင်
ကျောင်းဆရာ(ငြိမ်း)
အထက(၅)ပုသိမ်
အသက်(၈၉)နှစ်

ပုသိမ်မြို့၊ အမှတ် ၉၄၂၊ ယိုးဒယားကုန်းလမ်းနေ ဘိုးမောင်ရင်–ဖီးဒူးလေးတို့၏သား၊ နော်ဖလော့ရင်စ်၏ခင်ပွန်း၊ စောရောဂျာ–နော်လုဒီး၊ နော်ဆာအယ်–စောမူးရာပေါလ်၊ (စောဖလေးထို)–နော်ဂရီးထာ၊ နော်ခဲလေ–စောဂျီသိန်းမောင်၊ စောဖရင်းလေ–နန့်မေဝါပိုးတို့၏ ဖခင်၊ မြေး ၁၈ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၅–၂–၂၀၀၆ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၇–၂–၂၀၀၆ရက်တွင် ရေဝေး ကရင်နှစ်ခြင်းသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်လှတင် (ထားဝယ်)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၁၁၊ တပင်ရွှေထီးလမ်း၊ ကျောက်ကုန်းနေ (ဦးထွန်းဝင်း–ဒေါ်သင်းလှိုင်)တို့၏သမီး၊ (ဦးလှရွှေ)၏ဇနီး၊(ဦးစိန်ကြည်)–ဒေါ်ရင်မြ၊ ဒေါ်ခင်ကြွယ်၊ (ဦးဟန်တင်–ဒေါ်အင်ရှိန်)၊ (ဦးရဲစိုး)–ဒေါ်သင်းကြိုင်၊ ဦးခင်မောင်လူ(ပညာရေးသုတေသန)–ဒေါ်ဖြူဖြူရွှေ(ထ–၁၊ ဒဂုံ/မ)၊ ဒေါ်ခင်မာဝေ(Potato Choice)၊ ဦးရဲခေါင်တို့၏မိခင်၊မောင်ကျော်မိုးဝင်း(S.A.E,Asia World)၊ မောင်တင်ဇော်ဝင်း၊ မောင်ဇေယျာမျိုးဟန်(M.P.C.S)၊ မဖြိုးယုယုဟန်(Revlon)၊ မအိသဥ္ဇာစိုး၊ မနှင်းမူယာစိုး(Pahtama Group)၊ မသင်းဟေမာန်စိုး(J.C)၊ မဇင်မီမီစိုး(IX-D°၊ ထ–၁၊ဒဂုံ/မ)၊ မအေးအိအိသိမ့်(ဒုတိယနှစ်၊ ရန်ကင်းပညာရေးကောလိပ်)၊ မောင်ဇေယျာဝင်းလူ(ပ/နှစ်၊ ရေကြောင်းပညာတက္ကသိုလ်)တို့၏အဘွားသည် ၈–၂–၂၀၀၆ရက် ည ၁၁း၃၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀–၂–၂၀၀၆ရက်(အင်္ဂါနေ့)ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ်ဒါယကာကြီး
ဦးဂျော်စိုင်(ခ)ဦးထင်ကျော်
(မြိတ်မြို့)
(သဲအင်းယောဂီ)
အသက်(၇၇)နှစ်

မြိတ်မြို့၊ မြစ်ငယ်ရပ်နေ (ဦးစင်တက်–ဒေါ်ကျော့ဆင်)တို့၏ သား၊ (ဦးစောလှ–ဒေါ်ကျင်ခွမ်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ခြံအမှတ် ၂၅၀၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေအဝိုင်းလေးနေ [ဒေါ်သန်းအေး(ခ)ဒေါ်တီ]၏ ခင်ပွန်း၊ ဦးချင်တိတ်–ဒေါ်သန်းစိန်တို့၏ မောင်၊ (ဦးဟိုစိုင်)၏ညီ၊ ဦးရှိန်ကြည်–ဒေါ်ကျော့ကြည်၊ ဒေါ်ခင်ရီ၊ (ဦးအိုဟွပ်)–ဒေါ်သန်းညွှာ၊ ဒေါ်တင်တင်စိန်တို့၏အစ်ကိုသည် ၉–၂–၂၀၀၆ရက် နံနက် ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၂–၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်နှင့် မြိတ်အသင်းမှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမတစ်စု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးလှဝင်း(ခ)
Kenneth Shephard
ကန်တော်ကြီးဟိုတယ်(ငြိမ်း)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်၊ (က)ရပ်ကွက်၊ အမှတ် ၉၊ မြေညီ (B)၊ ပုညဝတ္ထုလမ်းနေ (ဦးတော်မီ–ဒေါ်အမာ)တို့၏ သား၊ ဒေါ်လှကျင်၏ခင်ပွန်း၊ ဦးအုန်းသွင် (Schlumberger Co.)–ဒေါ်သန်းသန်းဝင်း(M.O.G.E°၊ ငြိမ်း)၊ ဦးကြည်ဝင်း–ဒေါ်မြစိန်၊ ဦးအုန်းတင့်–ဒေါ်သောဘီဝင်း၊ ဦးမြင့်အုန်း(အာသာ)–ဒေါ်လှလှဝင်း၊ မမာမာဝင်း၊ ကိုဝင်းနိုင်(တပ်မတော်–ရေ၊ ငြိမ်း) – မစန်းစန်းဝင်း (သဃ်န်းကျွန်း စည်ပင်)၊ ကိုမျိုးထွဋ်–မမာမာလွင်၊ မလဲ့လဲ့နိုင်(သတ္တဗေဒဌာန၊ အရှေ့ပိုင်းတက္ကသိုလ်)၊ မအိအိမော်တို့၏ ဖခင်၊ မြေး ၁၂ ယောက်တို့၏အဘိုးသည် ၉–၂–၂၀၀၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၀၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁–၂–၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်တွင် ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးဆောန်း (အငြိမ်းစား)
ဗိုလ်သင်တန်းအပတ်စဉ်(၉)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၄၈၊ မြောင်းမြလမ်းနေ (ဦးညိန်း–ဒေါ်ထားခင်)တို့၏သား၊ ဦးသိန်းဇော်–ဒေါ်ထက်ထက်သီ၊ ဦးဆန်းလင်းသီ–ဒေါ်သန္တာစိုး၊ ဦးသန်းငွေအောင်–ဒေါ်ယမင်းသီတို့၏ဘကြီး၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၈–၂–၂၀၀၆ရက် (တနင်္ဂနွေနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၂–၂၀၀၆ရက်(အင်္ဂါနေ့)ညနေ ၃ နာရီတွင်ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးဖူးလင်(ခ)လျူဖူးလင်
(ရွှေစားသောက်ဆိုင်) ဇီးကုန်း
အသက်(၈၂)နှစ်

ပဲခူးတိုင်း၊ ဇီးကုန်းမြို့၊ ရုံးလမ်းနေ ဒေါ်ကျင်မြ၏ခင်ပွန်း၊ ဦးကျော်ဝင်း–ဒေါ်ခင်သန်းဦး၊ ဦးကံညွန့်–ဒေါ်ခင်မြင့်၊ ဦးသန်းရွှေ–ဒေါ်မြမြဝင်း၊ ဦးအောင်မောင်း–ဒေါ်ချိုချိုဆွေ၊ ဦးသန်းလွင်၊ ဦးမြသန်း–လင်စုမေ၊ ဦးထင်ကျော်ထွန်း–ဒေါ်ကေသီထွေးတို့၏ဖခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၈–၂–၂၀၀၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၁၅ နာရီတွင် တိုက်အမှတ်(၇၉၇)၊ အခန်း B-၃၀၄၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀–၂–၂၀၀၆ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၄–၂–၂၀၀၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဦးသန်းဦး
အသက်(၇၃)နှစ်

ထောက်ကြန့်မြို့၊ တိုးချဲ့(၂)ရပ်ကွက်၊ မဟော်ဂနီလမ်း၊အမှတ် ၂/၂/၂၁၄ နေ (ဦးစစ်ထွေး–ဒေါ်ရွှေတင်)တို့၏ သား၊ (ဦးလှမောင်–ဒေါ်အေးကြည်)တို့၏သားသမက်၊ (ဒေါ်ခင်အုန်းမြင့်)၏ခင်ပွန်း၊ ဦးရွှေဦး–ဒေါ်ခင်စောမြိုင်၊ ဦးတင်မြင့်၊ ဦးမြကြည်–ဒေါ်စန်းအောင်၊ ဦးဇင်ဦး–ဒေါ်ရွှေအေး၊ ဦးနီထွေး–ဒေါ်မေမေမြတို့၏ အစ်ကိုကြီး၊ ဦးခင်သောင်း–ဒေါ်သန်းသန်းဦး (အထက–၂၊ မှော်ဘီ)၊ ဦးကိုကိုနိုင်–ဒေါ်ပီယာနိုင်၊ ဦးထွန်းထွန်းဦး–ဒေါ်ခင်ထွေးဦး၊ ဦးကိုကိုဦး–မမြင့်မြင့်မော်၊ ဦးစိုးမိုးဦး၊ ဦးနေမိုးဦး–မကြည်ကြည်ဟန်တို့၏ဖခင်၊ မြေး ကိုးယောက်တို့၏အဘိုးသည် ၉–၂–၂၀၀၆ရက် (တနင်္လာနေ့) နံနက် ၅း၃၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၂–၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစောလွင် (စစ်တွေ)
B.Sc°(Engg)°Civil; M.S.C.E (Mich:)
ဒုတိယအင်ဂျင်နီယာချုပ်
ရေအားလျှပ်စစ်(ငြိမ်း)
အကြံပေးအရာရှိ(ငြိမ်း)
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နှင်းဆီကုန်းလမ်း၊ အိမ်အမှတ် ၆၃(A)နေ (ဦးဖျော့–ဒေါ်အေးရှင်)တို့၏သား၊ ဦးလှရွှေ–ဒေါ်စန်းစန်းလွင်(ရှယ်လီ)တို့၏အစ်ကို၊ မောင်နေလင်းအောင်၏ ဘကြီးသည် ၈–၂–၂၀၀၆ရက် (တနင်္ဂနွေနေ့) နံနက် ဝ၆း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂–၂–၂၀၀၆ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ဝင်းကို (မြိတ်)
အသက်(၃၈)နှစ်

မြိတ်မြို့၊ ကန်ဖျားရပ်နေ ဦးမောင်ယု–ဒေါ်သောင်းတို့၏သား၊ (ဦးချစ်အေး)–ဒေါ်စိန်ရင်တို့၏ သားသမက်၊ မဝင်းဝင်းကြည်(ခ)အညို၏ ခင်ပွန်း၊ မောင်မြတ်သူထွဋ် (အထက–၆၊ ဗိုလ်တထောင်)၊ မောင်ဝင်းဇော်ဦး(အထက–၆၊ ဗိုလ်တထောင်)၊ မောင်နိုင်ဝင်းနိုင်တို့၏ ဖခင်သည် ၈–၂–၂၀၀၆ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၂–၂၀၀၆ရက်(အင်္ဂါနေ့)တွင် သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယကာကြီး
ဦးအုန်းလှိုင်
(မော်လမြိုင်၊ လှည်းကူး)
အသက်(၉၃)နှစ်

ရန်ကုန်တိုင်း၊ လှည်းကူးမြို့၊ ရွှေဘုံသာ လမ်းနေ (ဒေါ်အေးခင်)၊(ဦးဟီရား–ဒေါ်ရှုကြည်)တို့၏သား၊ (ဒေါ်သန်းမြ)၏ခင်ပွန်း၊ ဒေါ်အုန်းရင်၏ အစ်ကို၊ (ဒေါက်တာဦးလှထွန်း)–ဒေါ်သိန်းငွေ (အထက–၁၊လမ်းမတော်၊ငြိမ်း)၊ ဦးထွန်းရွှေ(R.I.T၊ငြိမ်း)–(ဒေါ်ရီရီလှ)တို့၏ ဖခင်၊ ဦးအေးကျော်–ဒေါ်တင်အုန်း (အလက၊မြို့မ)၊ ဦးအေးကြူ (ဥက္ကဋ္ဌ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဈေးကြီး)–ဒေါ်တင်တင်မြင့်၊ ဒေါ်လှလှရွှေ၊ ဦးသိန်းထွန်း–ဒေါ်အေးအေး၊ ဒေါ်ထားထားရီ၊ ဦးကျော်ငွေတို့၏ဘဘ၊ ဒေါက်တာအောင်ကျော်မိုး၊ မနီလာထွန်းနှင့် မြေးခုနစ်ယောက်တို့၏အဘိုးသည် ၈–၂–၂၀၀၆ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀–၂–၂၀၀၆ရက် (အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် လှည်းကူးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယကာကြီး
ဦးပေါက် (အလံတပို)
အသက်(၈၃)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ ဥဇ္ဇနာ ၁ လမ်း၊ အမှတ် ၂၂၈ နေ (ဒေါ်လှခင်)၏ခင်ပွန်း၊ ဦးတင်မြိုင်–ဒေါ်ကြည်စန်း၊ ဦးဝင်းမြင့်–ဒေါ်ခင်မာတင်၊ ဦးမြင့်သိန်း (မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကမာရွတ်)–ဒေါ်မြင့်မြင့်စိန်၊ ဒေါ်အေးပို၊ ဦးသန်းနိုင်အေး–ဒေါ်ရီရီသင်းတို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုးသည် ၈–၂–၂၀၀၆ရက်(တနင်္ဂနွေနေ့)ည ၇း၂၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၀–၂–၂၀၀၆ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးကျင်တင်(ခ)အင်ကင်တင်
ဥက္ကဋ္ဌ၊အုန်ကုန်းဘုရားကျောင်း
ဂေါပကအဖွဲ့၊တိုက်ကြီးမြို့
ဥက္ကဋ္ဌ၊ကျန်းတိတ်သာရေးနာရေးအသင်း
တိုက်ကြီးမြို့
အသက်(၈၃)နှစ်

တိုက်ကြီးမြို့၊ မြို့လယ်လမ်း၊ အမှတ် ၄၀ နေ [ဦးစွိရာ–ဒေါ်ဂေါ်ဘောက်(ခ)ဂေါ်ဘောက်ကွမ်း]တို့၏သား၊ ဒေါ်ရှုခင်၏ခင်ပွန်း၊ ဦးအောင်ခင်–ဒေါ်လေဝါးတို့၏အစ်ကို၊ ဦးအောင်စိုး–ဒေါ်လှလှမော်၊ ဦးမြင့်စိုး–ဒေါ်ရှုတင်၊ ဦးကျော်ဝင်း–ဒေါ်မာမာမြင့်၊ ဦးသန့်ဇော်–ဒေါ်စန်းမြင့်၊ ဦးထင်ကျော်–ဒေါ်စန်းဝင်း၊ ကိုသန်းစိုး၊ ကိုစိုးဝင်း–မသင်းသင်းရီတို့၏ဖခင်၊ မြေး ၁၈ ယောက်တို့၏ အဘိုးသည် ၈–၂–၂၀၀၆ရက် (တနင်္ဂနွေနေ့)နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂–၂–၂၀၀၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် တိုက်ကြီးမြို့ သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးအုန်းလွင်
အထက်မြန်မာပြည်
ဓာတ်မြေကြားစခန်းတာဝန်ခံ
(စဉ့်ကိုင်မြို့)
အသက်(၅၄)နှစ်

စစ်ကိုင်းတိုင်း၊မြောင်မြို့နယ်၊ဘူးကိုင်းရွာနေ ဦးအောင်တင့်–ဒေါ်သိန်းမြတို့၏ သား၊ ရန်ကုန်မြို့နေ ဦးမောင်မောင်–ဒေါ်တင်တင်တို့၏သားသမက်၊မန္တလေးမြို့နေ ဦးကျော်စိုးနိုင်(ကထိက၊နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေး)–ဒေါ်မျိုးသီတာလွင်၊ စဉ့်ကိုင်မြို့၊ ရန်အောင်မြင်ရပ်နေ မအိစန္ဒာလွင်၊မောင်မင်းကိုကိုလွင်တို့၏ဖခင်၊ ဒေါ်တင်အေးအေး (ရွှေစင်ဆန်စက်၊ ဆီစက်)၏ ခင်ပွန်းသည် ၁–၂–၂၀၀၆ရက်(တနင်္ဂနွေနေ့)ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃–၂–၂၀၀၆ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် နေအိမ်မှစဉ့်ကိုင်သုသာန်၌သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဒါဓေဒ အဂ္ဂမဟာပဏ္ဍိတ (ထားဝယ်)
သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၅)ဝါ

တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ ပိန္နဲတောရပ်၊ ရွှေဘုန်းပွင့်ကျောင်းတိုက် အာဒိကမ္မိက သဒ္ဒါန နာယကဆရာတော် ဘဒ္ဒန္တဒါဓေဒ အဂ္ဂမဟာပဏ္ဍိတ (ယခင်)ပခုက္ကူမြို့ သာသနဝိပုလာရာမ မန္တလေးတိုက်၏ဇနဝါစကဖြစ်တော်မူသော ဆရာတော်သည် ၁၃၆၇ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက် (စနေနေ့) ညနေ ၄း၂၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို တပို့တွဲလပြည့်ကျော် ၁၂ ရက် (အင်္ဂါနေ့)တွင် ရွှေဘုန်းပွင့်ကျောင်း၌ အန္တိမဈာပနသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ဈာပနဖြစ်မြောက်ရေးကော်မတီ။

ဘုရား၊ရဟန်း၊တန်ဆောင်းဒါယကာ
ဦးသောင်း
အသက်(၈၅)နှစ်

မော်လမြိုင်ကျွန်းမြို့နယ်၊ ဂရမ်းဝရွာနေ (ဦးဘဖေ–ဒေါ်စောရင်)တို့၏သား၊ ဦးထွန်းတင်၏တူ၊ ဒေါ်မမကြီး၏မောင်၊ ဦးမောင်မောင်ကြည်၊ ဒေါ်မာမာရီ၊ ဦးမောင်မောင်–ဒေါ်တင်လှ၊ (ဗိုလ်မှူးကျော်မြင့်)–ဒေါ်ကြူကြူမြင့်၊ ဦးအောင်ထွန်း(မြန်မာ့သစ်လုပ်ငန်း)တို့၏အစ်ကို၊ မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၂၁ နေ ဒေါ်အေးမြင့်၏ခင်ပွန်း၊ ဦးမြင့်စိုး–ဒေါ်လှတင့်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ဘိုးဘိုးသည် ၈–၂–၂၀၀၆ရက်(တနင်္ဂနွေနေ့)ညနေ၅း၁၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်ပါ၍ ၁၀–၂–၂၀၀၆ရက်(အင်္ဂါနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ်ဒါယကာကြီး
ဦးဂျော်စိုင်(ခ)ဦးထင်ကျော်
(မြိတ်မြို့)
(သဲအင်းယောဂီ)
အသက်(၇၇)နှစ်

မြိတ်မြို့၊ မြစ်ငယ်ရပ်နေ (ဦးစင်တက်–ဒေါ်ကျော့ဆင်)တို့၏ သား၊ (ဦးစောလှ–ဒေါ်ကျင်ခွမ်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ခြံအမှတ် ၂၅၀၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေအဝိုင်းလေးနေ [ဒေါ်သန်းအေး(ခ)ဒေါ်တီ]၏ခင်ပွန်း၊ ဦးသန့်စင်(ဦးစီးအရာရှိ၊ မီးသတ်ဦးစီးဌာန)–ဒေါ်ကြည်စမ်းနွယ်၊ ဦးတင်အောင်ကြီး–ဒေါ်အေးအေးမြင့်(လ–၄၊ ရန်ကင်း)၊ ဗိုလ်မှူးမောင်မောင်အေး(တပ်မတော်ချည်/ထည်၊ မိတ္ထီလာ)–ဒေါ်မြတ်မြတ်ဦး၊ ဦးထင်အောင်ကျော်(တိုက်ဂါး ကရာတေး) – ဒေါ်အေးအေးမူ၊ ဒေါ်ဇင်နီ၊ ဦးထင်ဝင်းနိုင်–ဒေါ်အိအိခိုင်၊ ဦးထင်ကျော်ဖြိုး–ဒေါ်မင်းမင်းထက် (Radiant Tour)တို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏ အဘိုးသည် ၉–၂–၂၀၀၆ရက် နံနက် ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၂–၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်နှင့် မြိတ်အသင်းမှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင် (မြိတ်)
ကျောင်းအုပ်ဆရာမကြီး
(အထက–ဆိပ်ကြီး၊ခနောင်တို)
အသက်(၅၉)နှစ်

မြိတ်မြို့၊ ဈေးတန်းရပ်၊ ဈေးဟောင်းလမ်းနေ (ဦးငွေညွှန့်–ဒေါ်စောရီ)တို့၏ သမီး၊ အလုံမြို့နယ်၊ နှင်းဆီကုန်းလမ်း၊ အမှတ် ၃၁၊ ပထမထပ်နေ ဦးခင်မောင်ညို (အထပြ၊ ငြိမ်း)၏ဇနီး၊ ဦးခင်ဝေ–ဒေါ်အေးအေးသီ၊ ဒေါ်အေးအေးသီ၊ ဦးအောင်ချစ်(R/O)–ဒေါ်လှလှဝေ၊ ဦးဝေကြူ–ဒေါ်အေးအေးမာ၊ ဦးငွေအောင်တို့၏အစ်မကြီး၊ မောင်ညီမင်းသက် (2nd Mate M.T.M Co., Ltd.)၊ မညီဝင်းလဲ့(ကျိုက်ထိုဟိုတယ်)၊ မောင်ညီမိုးသက်တို့၏မိခင်ကြီး၊တူ တူမ ရှစ်ယောက်တို့၏ကြီးကြီးသည် ၇–၂–၂၀၀၆ရက်(စနေနေ့)ညနေ ၃း၁၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ(S.S.C)၌ကွယ်လွန်သွားပါသဖြင့် ၁၁–၂–၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဗိုလ်ကြီးနော်ဇာဂို (ငြိမ်း)
Capt. Nok Za Go (Jack)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၃၈၊ ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးခမ်ခွါလ်–ဒေါ်အွပ်ဟောင်)တို့၏ သားကြီး၊ (ဦးမောင်ရင်–ဒေါ်သိန်းဘွင့်)တို့၏သားသမက်၊ ဒေါ်ညိုညိုစိန် (Pansy)၏ခင်ပွန်း၊ (ဗိုလ်ကြီးဟယ်ရီဆွပ်ဒိုလျှံ)–ဒေါ်ခင်မာနွယ်၊ ဒေါ်ကျင်ဇာခင်ကြည်–(ဗိုလ်မှူး ခွါလ်ဇာမုန်)၊ ဒေါ်ကျန်ခိုးဇမ်း–(ဦးခမ်ပေါင်)၊ (ဒေါ်ရီရီမေ–ဒုအရာခံဗိုလ်စံမြင့်)၊ ဒေါက်တာညီညီသိန်း–ဒေါက်တာစိုးထွန်း (ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်၊ မန္တလေး)တို့၏အစ်ကိုကြီး၊ (ဗိုလ်မီလာခွါလ်ခန်းမန်)၊ ဦးဂင်ဇာပေါင်–ဒေါ်စိမ်းစိမ်းမာ(ပို့/ဆက်ဦးစီး)၊ ဦးမျိုးအောင်–ဒေါ်ဥမ္မာဖေ၊ ဒေါ်ပင်နီဟောင်ခန်မန် (အထက–၄၊ ပုဇွန်တောင်)–ဦးတင့်လွင်(ထ–ခွဲမငေးထိန်ကုန်း၊ တွံတေး)၊ ဗိုလ်မှူးဇေယျ(ငြိမ်း)၊ ရေကြောင်းပြမှူးကြီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)–ဒေါ်စုစုမြတ်၊ ဦးလှိုင်ဝင်း (SUN FAR Shipping)–ဒေါ်နီလာဝင်းတို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၉–၂–၂၀၀၆ရက် (တနင်္လာနေ့) နံနက် ၂း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၁–၂–၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် အမှတ် ၁၁၅၊ အနော်ရထာလမ်း၊ လသာမြို့နယ်၊ ဦးနောမြန်မာနှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးဂိုဏ်းပေါင်းစုံခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအုန်းကျော်
ကမ္ဘာအေးဘုရားလေး၏ဂေါပကအဖွဲ့နှင့်
ရပ်ကွက်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်–၁၊
ရွှေနံ့သာရပ်ကွက်၊
ရောင်းဝယ်ရေး သ/မ ဥက္ကဋ္ဌ
ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်
အသက်(၇၅)နှစ်

မရမ်းကုန်းမြို့နယ်နေ (ဦးမောင်တင်)–ဒေါ်တင်လှိုင်တို့၏ သား၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အုတ်လမ်း၊ အမှတ် ၅၁ နေ ဒေါ်ခင်မှီ၏ ခင်ပွန်း၊ မိုးကုတ်မြို့နေ ဦးလှရွှေ–(ဒေါ်ငွေ)တို့၏ညီ၊ ဒေါ်မြမေ၏အစ်ကို၊ ဦးမြဟန်–ဒေါ်ခင်အုန်းကြည်တို့၏ဖခင်၊ မကြည်ကြည်ဟန်၊ မောင်သက်ဦးဟန်၊ မောင်ညီညီဟန်တို့၏အဘိုးသည် ၈–၂–၂၀၀၆ရက် နံနက် ၂း၃၀ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၀–၂–၂၀၀၆ရက် မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းလွင် (LL.B)
(အကြီးတန်းစာရေး)
(အထက–၂၊ သန်လျင်)
အသက်(၄၃)နှစ်

သန်လျင်မြို့၊ အထက(၂)ကျောင်းဝင်းနေ (ဦးကျော်မြိုင်)–ဒေါ်သိန်းမြိုင်တို့၏ သား၊ ဦးစိန်ညွှန့်–ဒေါ်စိုးမြင့်တို့၏သားသမက်၊ ဒေါ်ခင်ခင်မြင့် (အလက၊ မြို့ဟောင်းအလယ်၊သန်လျင်)၏ခင်ပွန်း၊ မောင်ဖွန်ဦးလွင်(အိုလံပစ် ဆောက်လုပ်ရေး)၊ မနီလာလွင်၊ မချိုသန္တာလွင်၊ မစန္ဒာလွင်၊ မနှင်းအိဖြူ၊ မောင်အောင်ပိုင်၊ မဖူးပွင့်ခိုင်တို့၏ဖခင်သည် ၉–၂– ၂၀၀၆ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁–၂–၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် သန်လျင်ဆေးရုံမှ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် ရန်ကုန်တောင်ပိုင်းခရိုင်မှ အရှေ့ပိုင်းခရိုင်သို့ ဆက်လက်သယ်ဆောင် အလံတော်သယ်ယူရာလမ်းတစ်လျှောက် ပြည်သူလူထုထောင်ပေါင်းများစွာ အလေးပြုကြိုဆို

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်သယ်ယူရေးအစီအစဉ်အရ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီဟဒီပ အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ ယမန်နေ့က တစ်ညတာရပ်နားခဲ့သော ပြည်ထောင်စုနေ့အလံတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သို့ ပြည်ထောင်စုလှေဖြင့်လည်းကောင်း၊ အလံတော်သယ်ယူရေးအဖွဲ့များက အဆင့်ဆင့် လက်ဆင့်ကမ်း၍လည်းကောင်း သယ်ဆောင်ကြပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရိန်က ပြည်ထောင်စုနေ့အလံတော်ကို နံနက် ၈ နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူအလေးပြုကာ တစ်ညတာ ရပ်နားလိုက်သည်။

အလေးပြု

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေး အစီအစဉ်အရ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိန်က ပြည်ထောင်စု အလံတော်ကို ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အားကစားကွင်း စင်မြင့်ရှိငွေဖလား၌စိုက်ထူလိုက်ပြီး အလေးပြုကြစဉ်။ (သတင်းစဉ်)

လွှဲပြောင်းပေးအပ်

ရှေးဦးစွာ ပြည်ထောင်စုနေ့အလံတော်ကို ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက အလေးပြုကြရာ ရေဝတီရေတပ်စခန်းဌာနချုပ် ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။ ထို့နောက် နံနက် ၆ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က သီဟဒီပအားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုနေ့အလံတော်ကို နုတ်ယူပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စုတိုင်းရင်းသားတိုင်းရင်းသူများ ခြံရံလိုက်ပါ၍ သီဟဒီပအားကစားကွင်း မုခ်ဦးသို့ သတ်မှတ်လမ်းကြောင်းအတိုင်း *စာမျက်နှာ ၁၃ ကော်လံ ၁* ■

ထိုင်းနိုင်ငံ ဖူးကတ်မြို့၌ကျင်းပခဲ့သည့် ၂၀၀၄ခုနှစ် ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားသော အောင်ပွဲရမြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းခေါင်းဆောင် ဦးဝင်းအောင်အား ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင် ရှင်နာဝပ်က ဆုချီးမြှင့်စဉ်။ (ဘောလုံးအဖွဲ့ချုပ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရမြန်မာလူငယ်အသင်း ပြန်လည်ရောက်ရှိ အသင်းလိုက်စည်းလုံးညီညွတ်စွာကြိုးစားယှဉ်ပြိုင်၍အောင်မြင်

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၀၄ခုနှစ် ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက်(BIMST-EC)လူငယ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အိန္ဒိယလူငယ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဖလားရရှိခဲ့သော မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းသည် ယနေ့ည ၇ နာရီတွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာကြသည်။ နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရမြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းအား အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းနှင့် *စာမျက်နှာ ၁၂ ကော်လံ ၁* ❒

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယကများဖြစ်သည့် ဗိုလ်ချုပ်ကျော်ဝင်း၊ ဦးအောင်ကိုဝင်းနှင့်အမှုဆောင်များနှင့်အတူ ဘင်းမ်စတက်ချန်ပီယံ အောင်ပွဲရမြန်မာလူငယ်အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တွေ့ရစဉ်။

(မြန်မာ့အလင်း)

အသက်(၁၈)နှစ်အောက် ဘင်းမ်စတက်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်က အိန္ဒိယလူငယ်ကိုအနိုင်ရဗိုလ်စွဲ

သတင်းဆောင်းပါး– ကိုထွေး

ရန်ကုန် ဖေဖော်ဝါရီ ၉

ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက်(BIMST-EC) လူငယ်ဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ စတင်ကျင်းပခဲ့ရာ ဖေဖော်ဝါရီ ၈ ရက်တွင် ပြီးဆုံးခဲ့ပြီဖြစ်သည်။ နောက်ဆုံးဗိုလ်လုပွဲကို ယမန်နေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဖူးကတ်မြို့၌ကျင်းပခဲ့ရာ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းက အိန္ဒိယလူငယ်လက်ရွေးစင်ဘောလုံးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားခဲ့သည်။

မြန်မာလူငယ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၇၅ မိနစ်တွင် အောင်ဝင်းနိုင်(ခ)အောင်ဇော်မျိုးက သွင်းယူပေးသည်။ ပထမပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း မိနစ် ၃၀ တွင်မြန်မာလူငယ်အသင်းက *စာမျက်နှာ ၁၂ ကော်လံ ၄* ❍

ဘင်းမ်စတက်ဖလားကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ယနေ့ထုတ်စောင်ရေ ၂၀၁၀၆၄